ကြေးမုံ

The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ အင်္ဂါနေ့၊ (18-12-2007) (၅၅၃၅)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကာတာနိုင်ငံ အကြီးအကဲထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၈

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကာတာနိုင်ငံအကြီးအကဲ ရှိတ် ဟာမတ်ဘင် ခါလီဖာ အယ်(လ်) သာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# စီမံကိန်းလုပ်ငန်းများကို စနစ်တကျ သပ်သပ်ရပ်ရပ်ဖြင့် မြန်မြန်ဆောင်ရွက်၊ မြန်မြန်ပြီးစီးရန်အရေးကြီး စံချိန်စံညွှန်းမီမီဖြင့် သတ်မှတ်ရက်ထက်စောပြီးအောင် စေတနာထား အားထုတ်ကြိုးပမ်းကြရန်လို ဆည်တမံလုပ်ငန်းပိုင်းကိုသာမက ရေအားလျှပ်စစ်လုပ်ငန်းပိုင်းကိုလည်း ကိုယ်တိုင်ဒီဇိုင်းများ တိုင်းတာထုတ်လုပ်

နေပြည်တော် ဒီဇင်ဘာ ၁၇

**မန္တလေးတိုင်း ပုဂံ-ညောင်ဦး၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် မကွေးတိုင်း စေတုတ္တရာမြို့နယ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် အထက်ဖူးရွာ ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က အထက်ဖူးရွာ ရေလှောင်တမံစီမံကိန်းဆိုင်ရာများ၊ မုန်းချောင်းတစ်လျှောက်၌ တည်ဆောက်လျက်ရှိသည့် အထက်ဖူးရွာ၊ ဖူးရွာ၊ မုန်းနှင့် ကြီးအုံ-ကြီးဝ ရေလှောင်တမံ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ **စေတုတ္တရာမြို့နယ် အထက်ဖူးရွာ ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး

✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## လူမှုစီးပွားရေးဘဝ မြင့်မားရေး အထောက်အကူပြု

မုန်းချောင်းတစ်လျှောက်၌ တည်ဆောက်လျက်ရှိသော စီမံကိန်းများသည် ရေဝတီအနောက်ဘက်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ မြင့်မားရေးအတွက် အထောက်အကူပြုမည့် စီမံကိန်းများဖြစ်။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

၁၈–၁၂–၂၀၀၇
(အင်္ဂါနေ့)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကချမှတ်ခဲ့သော အခြေခံ မူများနှင့် အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ် စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ခေတ်မီဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးရေး ကြိုးပမ်း

မျက်မှောက်ကမ္ဘာတွင် အိုင်စီတီခေါ် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်နေသည်။ နိုင်ငံတကာတွင် စီးပွားရေး၊ ပညာရေး၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၌ ခေတ်မီ ဆက်သွယ်ရေးနည်းပညာများကို သုံးစွဲလျက်ရှိသည်။ အီလက်ထရွန်နစ် လူ့အဖွဲ့အစည်းကြီးနှင့် ကမ္ဘာ့လူသားများ ထိတွေ့ဆက်ဆံနေကြသည့် အီလက်ထရွန်နစ်ခေတ်သို့ ရောက်ရှိနေပြီဖြစ်သည်။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ ရတနာပုံ တယ်လီပို့ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၄ ရက်နေ့က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ လုပ်ငန်း ဆိုင်ရာများ မှာကြားသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

**"မြန်မာနိုင်ငံ၌ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေး နည်းပညာများ အခြေချ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခြေအနေများရှိအောင် ဖော်ဆောင်ထားသည့် မြို့ဖြစ်ကြောင်း၊ လိုအပ်သည့် ရေ၊ မီးများ ပြည့်စုံအောင်၊ ဆက်သွယ်ရေး၊ အုပ်ချုပ်ရေးကိစ္စများ အဆင်ပြေအောင် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးထားပြီးဖြစ်၍ ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံအောင်၊ ခေတ်မီ သတင်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ ချောမွေ့စွာ ဆောင်ရွက်နိုင်အောင် မိမိတို့အနေဖြင့် အခွင့်အလမ်းကောင်းများကို ဖန်တီးဖော်ထုတ်ပေးသွားရန် လိုကြောင်း"** မှာကြားသည်။

မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲဆောင်ရွက်နေသည်။ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးဥပဒေကို ၁၉၉၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ကို ၂၀၀၀ ပြည့်နှစ်တွင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ မြန်မာအိုင်စီတီပတ်ခ်ကို ၂၀၀၂ ခုနှစ်နှင့် မန္တလေး အိုင်စီတီပတ်ခ်ကို ၂၀၀၃ ခုနှစ်တို့တွင် ဖွင့်လှစ်ပေးပြီး လူငယ်များ အိုင်တီ နည်းပညာဖွံ့ဖြိုးရေး ပျိုးထောင်ပေးနေသည်။

နိုင်ငံတကာအဆင့်မီ အိုင်စီတီနည်းပညာများ ဖြန့်ဝေရာ ဗဟိုဌာန တစ်ခုဖြစ်လာမည့် ရတနာပုံတယ်လီပို့သည် မန္တလေး–ပြင်ဦးလွင် ကားလမ်းဘေးတွင် တည်ရှိသည်။ စီမံကိန်းဧရိယာဧက တစ်သောင်း ကျယ်ဝန်းပြီး ပထမအဆင့် လုပ်ငန်းများဖြစ်သည့် တယ်လီပို့ပင်မ အဆောက်အအုံနှင့် Incubation Center များကို တည်ဆောက်လျက်ရှိသည်။

ယခုအခါ ရတနာပုံတယ်လီပို့တွင် ဆဋ္ဌမအကြိမ်မြောက် မြန်မာ အိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို ကျင်းပလျက်ရှိရာ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီပေါင်းတစ်ရာကျော်တို့က ခေတ်မီအဆင့်မြင့် အိုင်တီနည်းပညာ ပစ္စည်းများ၊ ကွန်ပျူတာပစ္စည်းများနှင့် ကုမ္ပဏီအလိုက် ထုတ်လုပ်သည့် ပစ္စည်းများကို ခင်းကျင်းပြသထားသည်။ ပွဲတော်ရက်အတွက် ဟောပြော ပွဲနှင့် အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်း ကျင်းပလျက်ရှိရာ ခေတ်မီ ဆက်သွယ်ရေးနည်းပညာ ဗဟုသုတများ တိုးပွားရရှိစေမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ရတနာပုံတယ်လီပို့ကို တည်ဆောက် ထူထောင်နိုင်ခြင်းသည် ခေတ်မီဆက်သွယ်ရေး နည်းပညာများ ပိုမိုဖွံ့ဖြိုး တိုးတက်လာပြီး စိုက်ပျိုးရေး၊ သုတေသန၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှု စသည့် ကဏ္ဍအသီးသီးတွင် လုပ်ငန်းများကို ပိုမိုထိရောက်မြန်ဆန်စွာ လုပ်ကိုင်လာနိုင်မည် ဖြစ်ပါသည်။ ။

ကွယ်လွန်သူ (ဦးကျော်ညွန့်–ဒေါ်ကျင်အေး) တောင်ဥက္ကလာပတို့အား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၅ ရပ်ကွက် ၂၅ လမ်းနေ အစ်ကိုဖြစ်သူ ဦးအောင်မြင့်–ဒေါ်မြရွှေ (မပုဆေးတိုက်) မိသားစု၊သားဖြစ်သူ ဦးသိန်းအောင်–ဒေါ်နီနီ မိသားစု၊ကွယ်လွန်သူ၏ ညီအစ်ကို မောင်နှမ မိသားစုများက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ ပြည်ပသာသနာပြုခရီးမှ ပြည်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇) ပဓာန နာယက မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်ကြီး၏ နာယက ပြည်တွင်း၊ ပြည်ပသာသနာပြု မဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရအရှင်သူမြတ်သည် စင်ကာပူနိုင်ငံ Mahamuni Buddhist Society၏ပင့်လျှောက်ချက်အရ စင်ကာပူနိုင်ငံ ဗုဒ္ဓဂယာ သုခရာမကျောင်း၌ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိလည်းကောင်း၊ ထိုင်းနိုင်ငံ Integration Co.,Ltd ၏ပင့်လျှောက်ချက်အရ ABACE University ၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိလည်းကောင်း မိုးကုတ်ဝိပဿနာ ပဋ္ဌိစ္စသမုပ္ပာဒ် သစ္စာတရားတော်များကိုဟောကြားပြသပြီး ဒီဇင်ဘာ ၁၃ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိတော်မူရာ တပည့်ဒါယကာ၊ ဒါယိကာမများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဖူးမြော်ကြိုဆိုကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (က–ပ)

## ၁၉၈၀ပြည့်နှစ် မြို့ပြအင်ဂျင်နီယာ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၄–၈၀)ခုနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာ စားပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက် (စနေနေ့)တွင် M-3 စားသောက်ဆိုင် (ဗဟန်းအားကစားကွင်းအနီး)၌ ကျင်းပမည်ဖြစ်ရာ ၁၉၇၄ ခုနှစ်မှ စတင်ဝင်၍ ၁၉၈၀ပြည့်နှစ်ပြီးဆုံးသည့် မြို့ပြအင်ဂျင်နီယာများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်စုံစမ်းလိုပါက ဦးဝင်းနိုင် ဖုန်း–၀၉၅၀–၁၄ ၉၄၂၊ ၀၆၇–၂၁၇၄၆၊ ဦးကျော်ရွှေဖုန်း–၀၉ ၅၁–၆၉၈၉၄၊ ဒေါ်လှဦးနွယ် ဖုန်း–၀၉ ၅၀– ၁၆၄၂၇ နှင့် ဒေါ်မိမိထွန်း ဖုန်း–၀၉၅၁–၃၅၆၉၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၁၉၈၂ ခုနှစ် ရန်ကုန်တက္ကသိုလ်၊ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏စတုတ္ထအကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့် ငွေရတု မိတ်ဆုံစားပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၉ ရက် (စနေနေ့) ညနေ ၅ နာရီတွင် ကန်တော်ကြီးဝင်းရှိ Western Park Royal ၌ ကျင်းပမည်ဖြစ်ရာ ကိုမြင့်စန်း ဖုန်း–၀၉–၅၁၅ ၅၄၅၀၊ ကိုလှမင်း ဖုန်း–၀၉–၅၁၈၈၂၃၇၊ ကိုတိုးရီ ဖုန်း–၀၉–၅၁၅ ၄၉၅၃၊ ကိုအောင်မျိုးသိုက် ဖုန်း–၀၉–၅၁၅၇၂၇၆၊ ကိုမောင်မောင်နိုင် ဖုန်း–၀၉–၅၁၂၈၈၈၆၊ ကိုကောင်းနိုင် ဖုန်း–၀၉–၉၉၂၅၂၁၅၊ မနီနီမော် ဖုန်း–၀၉–၅၁၄၆၈၀၈၊ စဝ်ခင်သူဇာ ဖုန်း–၉၀–၅၀၀၁၁၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

# ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဒုတိယအကြိမ်ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက် ဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၇

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကျင်းပသည့် ဒုတိယအကြိမ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ၂၀၀၆–၂၀၀၇ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ သားသမီးများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။**

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ ပညာရည်ချွန်ဆုရရှိကြသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ငါးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသော စစ်တွေမြို့နယ်မှမစုမြတ်သွယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ မောင်သန့်ပြည့်ထွန်း၊ အင်းစိန်မြို့နယ်မှ မောင်သက်ဝေဦးနှင့် ရေတာရှည်မြို့နယ်မှ မောင်ရဲဒွေးစိုးတို့အား လည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသော ဇီးကုန်းမြို့နယ်မှ မောင်မင်းသန့်ထွန်းနှင့် အလုံမြို့နယ်မှ မဆုမွန်ရွှေလင်းတို့အား လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင်များ ဖြစ်ကြသော စမ်းချောင်းမြို့နယ်မှ မောင်ဉာဏ်ဝင်းထက်၊ တောင်ဥက္ကလာပမြို့နယ်မှ မနုဝေဇံ၊ သဃ်္ဃန်းကျွန်းမြို့နယ်မှ မောင်အောင်ရဲမော်၊ ရန်ကင်းမြို့နယ်မှ မမြတ်ဆုပဟန်နှင့် ဒိုက်ဦးမြို့နယ်မှ မသစ်ဆုမိုးနေတို့အား လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့အား အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဦးမောင်မောင်အေး (အလင်္ကာဝတ်ရည် စာပေနှင့် အနုပညာလုပ်ငန်း)က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၂)ဦးကိုကို (ကိုကိုစက်မှုတက္ကသိုလ်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်ဒေါက်တာ သာထွန်းဦး (ဒေါက်တာသာထွန်းဦး) တို့က ငွေကျပ်နှစ်သိန်းစီ၊ လျှပ်တစ်ပြက်ဂျာနယ်နှင့် ဒေါ်သန်းသန်းလေး (စိန်ချစ်ရုပ်ရှင်)တို့က ငွေကျပ်တစ်သိန်းစီ၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမောင်မောင်မြင့်အေးနှင့် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနတို့ကငွေကျပ်ငါးသောင်းစီ၊ တွဲဖက်အတွင်းရေးမှူး(၃) ဦးစိုးရှိန် (မောင်စိုးထိုက်–သုံးဆယ်)ကငွေကျပ် သုံးသောင်းစီတို့ကို ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပညာရည်ချွန်ဆု ရရှိကြသူများကိုယ်စား မောင်သန့်ပြည့်ထွန်းက ကျေးဇူးတင်စကား ပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဒုတိယအကြိမ် ပညာရည်ချွန်ဆုပေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် စစ်တွေမြို့နယ်မှ မစုမြတ်သွယ်အားဆုချီးမြှင့်စဉ်။**(သတင်းစဉ်)

# ငမိုးရိပ်ချောင်းဖြတ် သံပေါင်တံတား အကြီးစားပြင်ဆင်မှု ပြီးစီး

ရန်ကုန် ဒီဇင်ဘာ ၁၇

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက သာကေတမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်သို့ ဆက်သွယ်ထားသည့် ငမိုးရိပ်ချောင်းဖြတ် သံပေါင်တံတားကို ၂၀၀၇ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှစ၍ တံတားကြံ့ခိုင်မှုရှိစေရန် အကြီးစားပြုပြင်ခဲ့ရာ ယခုအခါလုပ်ငန်းများ ပြီးစီးပြီဖြစ်သည်။**

ငမိုးရိပ်သံပေါင်တံတားကြံ့ခိုင်မှုရှိစေရန် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၏ တာဝန်ပေးချက်အရ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဌာနမှူး ဦးမင်းလွင်၊ ဒုတိယဌာနမှူး ဦးအောင်ခင်ဇံတို့ ဦးဆောင်ကာပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ငမိုးရိပ်သံပေါင်တံတားသည် အလျားပေ ၁၀၀၀၊ အကျယ် ၁၃ ပေ၊ ၁၄ ပေ၊ ၁၈ ပေ ဟူ၍ ခန်းဖွင့်သုံးမျိုးဖြင့် ဖွဲ့စည်းထားသော ဘောလီသံပေါင်တံတားနှင့် TRUSS TYPE သံပေါင်တံတား ပေါင်းစပ်ထားသည့် အမျိုးအစားဖြစ်သည်။

တံတားတိုင်များမှာ အုတ်တိုင်များဖြစ်ကာ ၎င်းပေါ်တွင် ဘောလီသံပေါင်များ၊ TRUSS သံပေါင်များတင်၍ ဆောက်လုပ်ထားပြီး သံပေါင်များပေါ်တွင် သစ်သားကြမ်းခင်းထားသည်။ တံတားကို ၁၉၁၁ ခုနှစ်က တည်ဆောက်ထားကြောင်း သံပေါင်ပေါ်၌ ရေးထိုးထားသော ကမ္ပည်းများအရသိရသည်။ ယင်းတံတားသည် ယခင်ကဖြတ်သန်းသွားလာသည့် ယာဉ်များနည်းပါးခဲ့သော်လည်း သန်လျင်တံတားဖွင့်လှစ်သည့်အချိန်မှစ၍ ကျောက်တန်း၊ သုံးခွ၊ ခရမ်း ခရီးသည်တင်ယာဉ်များ ဖြတ်သန်းရာလမ်းကြောင်း ဖြစ်ခဲ့သည်။

**သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)**



**ငမိုးရိပ်ချောင်းဖြတ် သံပေါင်တံတားကို စတင်ပြုပြင်စဉ်က တွေ့ရစဉ်။**

**ငမိုးရိပ်ချောင်းဖြတ် သံပေါင်တံတားကို ပြင်ဆင်ပြီးနောက် တွေ့ရစဉ်။**

## ကြာနီကန် ဦးရေဝတ(ဝါးခယ်မ)တရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်း၏ ဦးစီးပဓာနနာယက နိုင်ငံကျော်ဓမ္မကထိက ကြာနီကန် ဦးရေဝတ (ဝါးခယ်မ) ဆရာတော်သည် ဒီဇင်ဘာ ၂၁ရက်တွင် (၅၃)ရပ်ကွက် ဒဂုံမြို့သစ် (တောင်ပိုင်း)တရားမဏ္ဍပ်၊ ဒီဇင်ဘာ ၂၂ရက်တွင် မြတ်သစ္စာဓမ္မာရုံ စက်မှုဇုန်(၂)ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒီဇင်ဘာ ၂၃ရက်တွင် အောင်ချမ်းသာမဟာစည်ရိပ်သာ (၅၁)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒီဇင်ဘာ ၂၄ရက်တွင် ၇၀ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒီဇင်ဘာ ၂၇ရက်တွင် လမ်းမတော်သံဈေးရှေ့၊ ရှင်ဥပဂုတ္တပူဇော်ပွဲ၊ ဒီဇင်ဘာ ၂၈ရက်တွင် ကျွန်းသာယာရပ်ကွက် ပဲခူးမြို့၊ ဒီဇင်ဘာ ၂၉ရက်နှင့် ၃၀ရက်တွင် ကျောက်တွင်းကုန်း ဟံသာဝတီဆွမ်းသိမ်းအောင်ပွဲ တရားမဏ္ဍပ် ပဲခူးမြို့၊ ဒီဇင်ဘာ ၃၁ရက်တွင် ဦးစိုးနိုင်–ဒေါ်နီလာမြင့်နှင့်အဖွဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဦးလှဖြိုး ဒေါ်တင်လှဝင်းမိသားစု ရန်ကုန်သစ် သုဝဏ္ဏတရားမဏ္ဍပ်၊ ဇန်နဝါရီ ၂ ရက်တွင် ကန်တော်ကလေး ၉၂လမ်း တရားမဏ္ဍပ် မင်္ဂလာတောင်ညွန့်မြို့နယ်တို့တွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဟုသိရသည်။ (က–ပ)

## မိုးကုတ်ဝိပဿနာ တရားသင်တန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် (၂၁)ကြိမ်မြောက်၊ မိုးကုတ်ဝိပဿနာတရားသင်တန်း၌ ဓမ္မကထိကဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်း ဒီဇင်ဘာ ၂၂ရက်မှ ၂၆ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နာယူနိုင်ကြောင်း သိရှိရသည်။

ထို့ပြင် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ထားသည့် လက်တွေ့ဝိပဿနာအထိုင်စခန်းကို နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရှိရသည်။ (က–ပ)

## စမတောင်တော်စေတီများ ထုံးသင်္ကန်းကပ်လှူမည်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော်လယ်ဝေး သာဝတ္ထိမြို့ရှိ စမတောင်တော်၌ တည်ထားကိုးကွယ်သော ကမ္ဘာ့ကပ်ကျော်စေတီနှင့်ကမ္ဘာ့ဓာတ်ပေါင်းစုစေတီတို့အား ဂေါပကအဖွဲ့ကကြီးမှူး၍ ဒီဇင်ဘာ ၂၂ ရက်တွင် ထုံးသင်္ကန်း ဆက်ကပ်ပူဇော်မည်ဖြစ်သဖြင့်သဒ္ဓါကြည်လင်ပါရမီရှင်များကိုယ်တိုင် လာရောက်ဆက်ကပ် ပူဇော်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ (က–ပ)

## ကျိုင်းတုံမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်ပြန့်ပွားမှုကို ကာကွယ်ကုသထိန်းချုပ်နိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် နောင်ငင်းကျေးရွာတွင် တိုင်းရင်းကြက်များ ပုံမှန်မဟုတ်သောသေဆုံးမှုရှိကြောင်း နိုဝင်ဘာ၁၈ရက်တွင် သတင်းရရှိသဖြင့်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဓာတ်ခွဲခန်းဆိုင်ရာ စမ်းသပ်စစ်ဆေးခြင်း အဆင့်ဆင့်ပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါ H5 N1 ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဒေသအာဏာပိုင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရောဂါနှိမ်နင်းရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ ထိရောက်စွာဆောင်ရွက်နိုင်ခဲ့မှုကြောင့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုအား အချိန်တိုအတွင်း ထိန်းချုပ်နိုင်ခဲ့သည်။

ရောဂါဖြစ်ပွားသော ကြက်၊ဘဲများအား သုတ်သင်ရှင်းလင်းသူနှင့်ရောဂါဖြစ်ကြက်ခြံများနှင့် နီးကပ်စွာနေထိုင်သူ၆၈၉ဦးအား ကျန်းမာရေးဝန်ကြီးဌာနမှနေ့စဉ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါသံသယလူနာလေးဦး တွေ့ရှိခဲ့သည်။ ၎င်းတို့၏ ဓာတ်ခွဲနမူနာများအား ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာမနမ်းခန်းသန်း အသက် (၇)နှစ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရကြောင်း နိုဝင်ဘာ ၂၆ရက်တွင် ဓာတ်ခွဲအဖြေရရှိသည်။

၎င်းသံသယလူနာ လေးဦး၏ ဓာတ်ခွဲနမူနာများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဓာတ်ခွဲခန်းနှင့် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရည်ညွှန်းဓာတ်ခွဲခန်းများသို့ ဆက်လက်ပေးပို့စစ်ဆေးခဲ့ရာ သံသယလူနာလေးဦးအနက် မနမ်းခန်းသန်း အသက် (၇) နှစ်တွင် ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနမှ ရရှိသော အဖြေအတိုင်း ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရကြောင်း ဒီဇင်ဘာ ၁၃ရက်တွင်ဓာတ်ခွဲအဖြေ အတည်ပြုရရှိသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရသော မနမ်းခန်းသန်း၊ အသက် (၇)နှစ်ကို နိုဝင်ဘာ ၂၇ရက်တွင် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌ သီးသန့်ထားရှိ၍ ရောဂါပိုးသတ်ဆေး တမီဖလူး (Tamiflu) ဆေးဝါးများဖြင့် ထိရောက်စွာကုသပေးခဲ့သည်။ ယခုအခါ ၎င်း၏ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိသောကြောင့် ဒီဇင်ဘာ ၁၂ရက်တွင် ဆေးရုံမှဆင်းပေးပြီး ဖြစ်ကြောင်းနှင့် ကျန်အနီးကပ်ထိတွေ့နေထိုင်သူ (Close Contact)အားလုံးအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကာလ ၁၀ ရက် စောင့်ကြပ်ကြည့်ရှုခဲ့ရာ ဆက်လက်၍ ရောဂါကူးစက်မှုမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)



ဒိုမီနီကန်နိုင်ငံတွင် တိုက်ခတ်သော အပူပိုင်းမုန်တိုင်းကြောင့် ပျက်စီးသွားသော အဆောက်အအုံအချို့ကို ဒီဇင်ဘာ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# အနာဂတ်တွင် ရုရှားဝန်ကြီးချုပ်အဖြစ် တာဝန်ယူရန် သမ္မတ ပူတင်အား ဒုတိယဝန်ကြီးချုပ် အဆိုပြု

**မော်စကို ဒီဇင်ဘာ ၁၅**

ရုရှားသမ္မတ ဗလာဒီမာပူတင် အနေဖြင့် ၂၀၀၈ခုနှစ်တွင် သမ္မတရာထူးမှ အနားယူပြီးနောက် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူသင့်ကြောင်း ဒုတိယဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်က ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

**မျှော်လင့်**

ဒုတိယဝန်ကြီးချုပ် မစ္စတာ မက်ဗီဒက်သည် သူ၏သမ္မတရာထူးကို ဆက်ခံမည့်သူအဖြစ် သမ္မတ ပူတင်က ပြောကြားခဲ့သည်။ ပူတင်သည် ရုရှားသမ္မတအဖြစ်မှ လာမည့်မတ်လတွင် သက်တမ်းကုန်မည်ဖြစ်သည်။ သို့သော်သူသည် ရုရှားနိုင်ငံ၌ နိုင်ငံရေးသြဇာဆုပ်ကိုင်ထားမည်ဟု မျှော်လင့်ရသည်။

မစ္စတာမက်ဗီဒက်သည် သမ္မတပူတင်၏ ဝန်ထမ်းအရာရှိချုပ်အဖြစ် တာဝန်ယူခဲ့သူ ဖြစ်သည်။ ထို့ပြင် လောလောဆယ်၌လည်း ဒုတိယဝန်ကြီးချုပ်နှင့် ဂက်စ်ပရွန်ရေနံကုမ္ပဏီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည်။

သမ္မတပူတင်မှာရင်း၏ဒုတိယအကြိမ် သမ္မတသက်တမ်း ၂၀၀၈ခုနှစ်တွင် ကုန်ဆုံးပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရာထူးမှ နုတ်ထွက်ပေးရမည်ဖြစ်သည်။ ***အင်တာနက်။***

# မုန်တိုင်းဒဏ် ပြန်လည်ထူထောင်ရေး ဘင်္ဂလားဒေ့ရှ် အကူအညီတောင်းခံ

**ဒါကာ ဒီဇင်ဘာ ၁၅**

နိုဝင်ဘာ ၁၅ ရက်က တိုက်ခတ်သွားသည့် မုန်တိုင်းကြောင့် ပျက်စီးသွားသော ဘင်္ဂလားဒေ့ရှ် နိုင်ငံကို ပြန်လည်ထူထောင်နိုင်ရေးအတွက် လိုအပ်သည့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂ဒသမ ၂၁ဘီလီယံ ရရှိရန် ပြည်ပနိုင်ငံများမှ အကူအညီတောင်းခံထားကြောင်း အထက်တန်း တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

မုန်တိုင်းဒဏ်ခံရသော ကမ်းခြေဒေသတွင် သဘာဝဘေးအန္တရာယ် ရေရှည်ကာကွယ်ရေးနှင့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကို ရေရှည်ကာကွယ်ထိန်းသိမ်းရေးအတွက် အမေရိကန်ဒေါ်လာ ၁၃၅၁ ဒသမ ၀၉ သန်းနှင့် မုန်တိုင်းဒဏ်ခံရသည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးများ ဆောင်ရွက်နိုင်ရန် အမေရိကန်ဒေါ်လာ ၄၅၇ ဒသမ ၇၆ သန်း လိုအပ်သည်။ ထို့အပြင် အဆိုပါ လုပ်ငန်းများအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မိတ်ဖက်နိုင်ငံများမှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကူညီထောက်ပံ့ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက တောင်းခံထားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

# ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# ပေါင်းစပ်စွမ်းအင်သုံး ဆီဒင်ကားသစ် တရုတ်နိုင်ငံ ပထမဆုံး ထုတ်လုပ်

**ချန်ကျင် ဒီဇင်ဘာ ၁၅**

တရုတ်နိုင်ငံ ချုံကင်းမြို့ရှိ ချန်းအန်မော်တော်ကားထုတ်လုပ်ရေး စက်ရုံသည် ပေါင်းစပ်စွမ်းအင်သုံး ဆီဒင်ကားသစ်ကို ဒီဇင်ဘာ ၁၃ ရက်တွင် စတင်ထုတ်လုပ်ကြောင်း၊ ပေါင်းစပ်စွမ်းအင်သုံးကား ထုတ်လုပ်မှုမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ အဆိုပါကားကို မကြာမီ ဈေးကွက်တင်ချပေးနိုင်မည်ဟု မျှော်မှန်းရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆီဒင်ကားသစ်ကို တရုတ်နိုင်ငံနည်းပညာဖြင့် ထုတ်လုပ်ထားကြောင်း အင်ဂျင်ပေါင်းစပ် လောင်စာသုံးစွဲရေးစနစ်နှင့် ကားကိုယ်ထည်များအားလုံးကို ကိုယ်ပိုင်ဒီဇိုင်းများဖြင့် ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တရုတ်နိုင်ငံ၏ အဆင့်မြင့် နည်းပညာ စီမံကိန်းအား လျှပ်စစ်ကားထုတ်လုပ်ရေးအစီအစဉ်မှာ အရေးပါကြောင်း၊ ချန်းအန် မော်တော်ယာဉ်ထုတ်လုပ်ရေး ဥက္ကဋ္ဌ ဇူလီပင်က ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

ဂျာမနီနိုင်ငံ ဘရီမင်မြို့ရှိ မာစီဒီးကား ထုတ်လုပ်ရေး စက်ရုံလုပ်ငန်းခွင် တစ်နေရာကို ဒီဇင်ဘာ ၁၄ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# ဂွမ်တာနာမို အကျဉ်းသား ၁၅ ဦးကို နေရင်းနိုင်ငံသို့ လွှဲပြောင်းပေး

**ဝါရှင်တန် ဒီဇင်ဘာ ၁၅**

ကျူးဘားနိုင်ငံ ဂွမ်တာနာမိုပင်လယ်အော်ရှိ အမေရိကန်စစ်ဘက်အခြေစိုက်စခန်းရှိ အကျဉ်းစခန်းတွင် ထိန်းသိမ်းထားခဲ့သည့် အကျဉ်းသား ၁၅ ဦးကို ၎င်းတို့၏နေရင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်လိုက်ကြောင်း အမေရိကန် စစ်ဌာနချုပ်က ကြာသပတေးနေ့တွင် ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ငါးနှစ်အတွင်း ပထမဆုံးအကြိမ် ဂွမ်တာနာမို အကျဉ်းသားဦးရေကို ၃၀၀ အောက်သို့ လျှော့ချနိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**လွှဲပြောင်း**

အာဖဂန်နစ္စတန်နိုင်ငံသို့ အကျဉ်းသား ၁၃ ဦးနှင့် ဆူဒန်သို့ နှစ်ဦး လွှဲပြောင်းပေးခဲ့ခြင်းသည် အမေရိကန်အစိုးရက အကျဉ်းသားများကို လိုအပ်သည်ထက် ကြာရှည်ထိန်းသိမ်းရန် ရည်ရွယ်ချက်မရှိပုံကို ပြသခြင်းဖြစ်ပြီး နောက်ထပ် အကျဉ်းသား ၇၀ ကိုလည်း လွှဲပြောင်းပေးအပ်ရန်ရှိကြောင်း အမေရိကန်စစ်ဌာနချုပ်က ပြောကြားသည်။ အယ်လ်ဘေးနီးယား၊ အာဖဂန်နစ္စတန်၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘာရိန်း၊ ဘယ်ဂျီယံ၊ ဗြိတိန်၊ ဒိန်းမတ်၊ အီဂျစ်၊ ပြင်သစ်၊ အီရန်၊ အီရတ်၊ ဂျော်ဒန်၊ ကူဝိတ်၊ လစ်ဗျား၊ မော်လ်ဒိုက်၊ မောရစ်သျှ၊ မော်ရိုကို၊ ပါကစ္စတန်၊ ရုရှား၊ ဆော်ဒီအာရေဗျ၊ စပိန်၊ ဆွီဒင်၊ ဆူဒန်၊ တာဂျစ်ကစ္စတန်၊ တူရကီ၊ ယူဂန္ဒာနှင့် ယီမင်နိုင်ငံတို့ အပါအဝင် နိုင်ငံ ၃၀ ခန့်သို့ အကျဉ်းသား ၄၈၅ ဦးကို ၂၀၀၂ ခုနှစ် နောက်ပိုင်းတွင် လွှဲပြောင်းပေးခဲ့သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# အမေဇုန်သစ်တောအတွင်းသို့ ရဟတ်ယာဉ်ပျက်ကျ

**လီမာ ဒီဇင်ဘာ ၁၅**

ပီရူးနိုင်ငံတွင် ရေနံကုမ္ပဏီတစ်ခုက ငှားရမ်းထားသည့် ရဟတ်ယာဉ်တစ်စင်း အမေဇုန်သစ်တောအတွင်းသို့ ကြာသပတေးနေ့က ပျက်ကျခဲ့သဖြင့် ငါးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပီရူးနိုင်ငံ၏ မြို့တော် လီမာ၏ အနောက်မြောက်ဘက် ကီလိုမီတာ ၁၅၀၀ ခန့်အကွာ အီကွေဒိုနိုင်ငံနယ်စပ် ကျူရာရေးမြစ်အနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ဘားရစ်ရေနံကုမ္ပဏီက ငှားရမ်းထားသည့် အဆိုပါ ရဟတ်ယာဉ်တွင် ခရီးသည်သုံးဦးနှင့် ရဟတ်ယာဉ် ဝန်ထမ်းနှစ်ဦး စီးနင်းလိုက်ပါလာခဲ့ကြသည်ဟု ပဏာမစုံစမ်းစစ်ဆေးမှုအရ သိရှိရသည်။ ထိခိုက်ဒဏ်ရာရသူများကို ဆေးကုသရန် ဆေးရုံသို့ တင်ပို့ထားသည်။ ရဲတပ်ဖွဲ့က ရဟတ်ယာဉ်ပျက်ကျသည့်ဖြစ်ရပ်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# မူးယစ်ဆေးဝါး ရောင်းဝယ်သူ ၂၀၀ နိုင်ဂျီးရီးယားတွင် ဖမ်းဆီး

**လေဂို့စ် ဒီဇင်ဘာ ၁၅**

နိုင်ဂျီးရီးယား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အေဂျင်စီ(အင်ဒီအယ်လ်အီးအေ)သည် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူ ၂၀၀ ခန့်ကို နိုင်ငံအလယ်ပိုင်းရှိ နာဆာရာဝါပြည်နယ်တွင် ဖမ်းဆီးခဲ့ကြောင်း နိုင်ငံပိုင် သတင်းဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။ မူပိုင်ခွင့်ရ ဆေးဝါးရောင်းဝယ်သူများအသင်းနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအေဂျင်စီတို့က ကြီးမှူးကျင်းပသည့် အလုပ်ရုံ ဆွေးနွေးပွဲတွင် အင်ဒီအယ်လ်အီးအေတပ်မှူး အီစီရိုယာက ဖော်ပြပါ ဖမ်းဆီးမှုသတင်းကို ကြေညာခဲ့ခြင်းဖြစ်သည်ဟု နိုင်ဂျီးရီးယားသတင်းဌာနက ဖော်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေနိုင်သော ဆေးဝါးများ တရားမဝင် ရောင်းဝယ်မှု ပြဿနာကို ညှိနှိုင်းဆွေးနွေးကြသည်။ မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားသူ ၂၀၀ အနက်မှ နှစ်ဦးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ် အပြစ်ပေးခဲ့ကြောင်း အင်စီရိုယာက ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

ဂျပန်နိုင်ငံ ချီးဘားမြို့တွင် ဗီဒီယိုဂိမ်း အရောင်းမြှင့်တင်ရေး အခမ်းအနားကျင်းပနေသည်ကို ဒီဇင်ဘာ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ဦးတည်သည့် သတင်းဆက်သွယ်ရေးနည်းပညာကဏ္ဍမှ ခြေလှမ်းများ

သတင်းဆောင်းပါး-ဝင်းနိုင်(ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း-ငွေးအောင်(ကြေးမုံ)

ရန်ကုန် ဒီဇင်ဘာ ၁၇

**၂၁ ရာစုပညာခေတ်တွင် သတင်းဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုသည် အံ့သြစရာကောင်းလောက်အောင်ပင် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ လူမှုဘဝနယ်ပယ်တွင်လည်းကောင်း၊ စီးပွားရေးဘဝနယ်ပယ်တွင်လည်းကောင်း၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်းကောင်း ICT ၏ အခန်းကဏ္ဍသည် မရှိမဖြစ်လိုအပ်သော အခြေအနေသို့ ရောက်လာနေသည်။**

**ရတနာပုံတယ်လီပို့ ပင်မအဆောက်အအုံကြီး**

**ဒီဇင်ဘာ ၁၄ ရက်က ဖွင့်လှစ်လိုက်သော ရတနာပုံတယ်လီပို့ ပင်မအဆောက်အအုံကြီးကို ဤသို့ ခံ့ညားထည်ဝါစွာတွေ့ရသည်။**

ထိုသို့သော အခြေအနေတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ရေမြေရာသီဥတု အခြေအနေအရ မြန်မာနိုင်ငံ၌ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ အခြေချ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်တွင်း၊ ပြည်ပရှိ နည်းပညာကုမ္ပဏီများ လာရောက်ရင်းနှီး မြှုပ်နှံနိုင်ရန် ရတနာပုံ ဆက်သွယ်ရေးနည်းပညာမြို့သစ်ကြီးကို ၂၀၀၆ခုနှစ် ဇွန် ၃၀ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ ယခုနှစ် ဒီဇင်ဘာ ၁၄ရက်တွင် ရတနာပုံ တယ်လီပို့ပင်မအဆောက်အအုံဖွင့်ပွဲကို ကျင်းပနိုင်ခဲ့ရာ နိုင်ငံတော် အကြီးအကဲ ကိုယ်တိုင်တက်ရောက်အားပေးခဲ့သည်။

ရတနာပုံတယ်လီပို့ဖွင့်ပွဲနှင့် ဆဋ္ဌမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ကြေးမုံသတင်းအဖွဲ့သည် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်၌ ခင်းကျင်းပြသထားသော ပြည်တွင်း၊ ပြည်ပ နည်းပညာ ကုမ္ပဏီများ၏ ပြခန်းများအား လှည့်လည်ကြည့်ရှုရင်း ပြခန်းအချို့မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ၎င်းတို့ ကုမ္ပဏီများ၏ ထုတ်လုပ်၊ ဆောင်ရွက်လျက်ရှိသော နည်းပညာပိုင်းဆိုင်ရာများကို လေ့လာစူးစမ်း မေးမြန်းခဲ့သည်။

**မန္တလေးကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်တစားလေ့လာနေကြစဉ်။**

ရှေးဦးစွာ Myanmar Computer Co.,Ltd. မှ ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က MCC Co., Ltd. အနေဖြင့် ရတနာပုံ တယ်လီပို့တွင် Incubation Center တစ်ခုငှားရန်းပြီး နောင်တွင် နိုင်ငံတကာ အဆင့်မီသင်တန်းများ ဖွင့်လှစ်ခြင်း၊ နိုင်ငံခြားအလုပ်အကိုင်များ ဆောင်ရွက်ခြင်းတို့ လုပ်ကိုင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ MCC Co., Ltd. သည် e-Government များကို အဓိကထားလုပ်ကိုင်သည့် ကုမ္ပဏီဖြစ်သည့်အတွက် e-Government ဆိုင်ရာစနစ်များကို တီထွင်ထုတ်လုပ်ပြီး ယခု ရတနာပုံ နည်းပညာ မြို့သစ်ကြီးမှာ လာရောက်လုပ်ကိုင်ရန် အစီအစဉ်ရှိကြောင်း၊ မြန်မာပြည်တွင် MCC ရုံးခွဲပေါင်း ၇၀ကျော်ရှိပြီး မိမိတို့ကုမ္ပဏီနှင့် နည်းပညာလုပ်ငန်းရှင်များ လာရောက် ဆက်သွယ်နိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Suntac Technologics Co., Ltd. မှ ဒါရိုက်တာ ဦးတင်မြင့်ကလည်း ၎င်းတို့ ကုမ္ပဏီအနေဖြင့် IT နည်းပညာနှင့် Engineering နည်းပညာ ပေါင်းစပ်ကာ ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တု ဓာတ်ပုံသုံး၍ မြေမျက်နှာပြင် အနေအထားတိုင်းတာခြင်း၊ မြေသား စမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့ဆောင်ရွက်ကြောင်း၊ IT နည်းပညာသက်သက်မဟုတ်ဘဲ အင်ဂျင်နီယာပညာရပ်နှင့် ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းများ တွင်ကျယ်နိုင်ပုံကို ယနေ့လူငယ်များ သိရှိနိုင်ရန် လာရောက်ပြသခြင်းဖြစ်ကြောင်း ပြောကြားသည်။

Forever Group ၏ Family Entertainment မှ ဒါရိုက်တာ ဦးရေချမ်းကလည်း MRTV-4 အစီအစဉ်မှ ၎င်းတို့ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်ပေးနေသော ရုပ်သံလိုင်းအစီအစဉ်များကို အောက်ခြေအဆင့်ထိ ပြည်သူများ ကြည့်ရှုနိုင်အောင် ဈေးနှုန်းချိုသာစွာဖြင့် ဆောင်ရွက်နေပုံများ၊ ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို ကြည့်ရှုနိုင်ရန် ရုပ်သံလိုင်းများတိုးချဲ့ ဆောင်ရွက်ပေးနေပုံများကို ရှင်းလင်းပြောကြားသည်။

**အသုံးပြုလို**

**မိမိတို့လုပ်ငန်းနဲ့ သက်ဆိုင်သော Software များ အသုံးပြုလို၍ လာရောက်လေ့လာခြင်းဖြစ်။**

(မန္တလေးမြို့ 'ယု' အထွေထွေအကျိုးဆောင်လုပ်ငန်းမှ ဒေါ်ယုယုဇော်နှင့် ဒေါ်သီတာ။)

ကြေးမုံသတင်းအဖွဲ့သည် ပြခန်းများကို ဆက်လက်လေ့လာရင်း လာရောက်ကြည့်ရှုကြသူအချို့ကိုလည်း ပြပွဲနှင့်ပတ်သက်၍မေးမြန်းခဲ့ရာ မန္တလေးမြို့ ယု အထွေထွေအကျိုးဆောင် လုပ်ငန်းရှင် ဒေါ်ယုယုဇော်နှင့် ဒေါ်သီတာတို့က မိမိတို့အနေဖြင့် IT နည်းပညာကို စိတ်ဝင်စားကြောင်း၊ မိမိတို့လုပ်ငန်းနှင့်သက်ဆိုင်သော Solfware များ အသုံးပြုလို၍ လာရောက်လေ့ လာခြင်းဖြစ်ကြောင်း၊ IT နည်းပညာအသုံးပြုခြင်းဖြင့် လုပ်ငန်းများ မြန်ဆန်သွက်လက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ မန္တလေး ကွန်ပျူတာတက္ကသိုလ်မှ တတိယနှစ် ကျောင်းသူများဖြစ်ကြသော မပြည့်ဖြိုးသူ၊ ရွှေစင်ဖြိုး၊ ချောစုနိုင်တို့ကလည်း ယခုလိုပြပွဲတွေကို မန္တလေးမှာလည်း ကြည့်ရှုလေ့လာရကြောင်း၊ IT နည်းပညာသစ်များမှာ အချိန်နှင့်အမျှတိုးတက်နေကြောင်း၊ မိမိတို့အတွက် ဗဟုသုတများစွာရရှိကြောင်း၊ မမြင်ဖူးမတွေ့ဖူးသေးသည့် Programme အသစ်များ၊ Software အသစ်များကို တွေ့ခဲ့ရကြောင်း၊ ကျောင်းပြီးသွားလျှင်လည်း Software Engineer လုပ်ပြီး နိုင်ငံတော်ကို အကျိုးပြုသွားမှာဖြစ်ကြောင်း ၎င်းတို့၏ကိုယ်စီဆန္ဒများကို ထုတ်ဖော်ပြောပြသွားသည်။

ပြခန်းများကို ဆက်လက်ကြည့်ရှုရင်း နည်းပညာဆွေးနွေးပွဲသို့ ဝင်ရောက်နားထောင်မိရာ ICT ဖွံ့ဖြိုးတိုးတက်ရန်အတွက် ICT ကို လူမှုဘဝထဲ စိမ့်ဝင်ပျံ့နှံ့အောင်၊ စီးပွားရေး ဘဝထဲ စိမ့်ဝင်အောင် လုပ်ဆောင်ရန်လိုကြောင်း၊ အရှိန်အဟုန်ပြင်းပြင်းနှင့် လိုက်လာအောင် စည်းရုံးရန်လိုကြောင်း၊ ယနေ့တချို့ဆိုလျှင် Internet မကြည့်ရရင် မနေနိုင်သည့် အခြေအနေမျိုးကဲ့သို့ပြောင်းလဲလာသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်၍ နောက်ကျကျန်သည်ဟု မယူဆစေလိုကြောင်း၊ နည်းပညာများကို အမြဲတမ်းလေ့လာလိုက်စားနေရမည်ဖြစ်ကြောင်း၊ အခြေအနေပေးလာပါက အဆင်သင့်ဖြစ်နေရန်လိုကြောင်း စသည်ဖြင့် ဟောပြော ဆွေးနွေးနေသည်များကို ကြားသိခဲ့ရသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

**ရှင်းလင်းပြောကြား**

**Suntac Technologics Co., Ltd. မှ ဒါရိုက်တာ ဦးတင်မြင့် ရှင်းလင်းပြောကြားစဉ်။**

Family Entertainment မှ **ရုပ်သံလိုင်း အစီအစဉ်များကို ကြည့်ရှုလေ့လာ နေကြစဉ်။**

**သမီးတို့အတွက် ဗဟုသုတတွေ အများကြီး ရပါတယ်။**

(မန္တလေး ကွန်ပျူတာ တက္ကသိုလ်မှ တတိယနှစ် ကျောင်းသူများ။)

# အစာသည်ဆေး ကျန်းမာရေး

ဦးကျော်စိန် (မန္တလေး)

ကမ္ဘာ့သက်ရှိသတ္တဝါတိုင်းသည် အသက်ရှင်ရပ်တည်နိုင်ရန် အစာစားကြရ၏။ ထိုအစာကို ပါဠိဘာသာအားဖြင့် **"အာဟာရ"**ဟုခေါ်သည်။ သတ္တဝါတစ်ဦးတစ်ယောက် **"သန်စွမ်းကျန်းမာစွာ ရပ်တည်နိုင်ရန်ထောက်ပံ့တတ်၏"**ဟု အဓိပ္ပာယ်ရပါသည်။ မည်သည့်သတ္တဝါမဆို အစာအာဟာရနှင့်ကင်း၍ ရပ်တည်နိုင်ကြမည်မဟုတ်ပေ။ အစာအာဟာရဆုတ်ယုတ်လျှင် အားအင်ဆုတ်ယုတ်၍ အစာအာဟာရပြည့်ဝလျှင် အားအင်ပြည့်ဖြိုးပြီး အသက်ရှည်မည်မှာသဘာဝဖြစ်ပါသည်။ သတ္တဝါတို့ စားသုံးသော အစာအာဟာရ၌ပါရှိသော အဆီအနှစ်ကို **"ဩဇာ"**ဟုခေါ်၏။ ယင်း**"ဩဇာ"** ဟူသည် ရုပ်(၂၈)ပါးတွင်ပါသော ဩဇာရုပ်ပင်ဖြစ်၏။ ယင်းအဆီအနှစ်ဟူသော ဩဇာရုပ်က ခန္ဓာကိုယ်တောင့်တင်းခိုင်မာအသက်ရှည်ရန် အကျိုးပြုပါသည်။ မြတ်ဗုဒ္ဓကလည်း **"သတ္တဝါမှန်သမျှသည် အစာအာဟာရ၌ တည်ကြမှီကြကုန်ကြောင်းကို"သဗ္ဗေသတ္တာအာဟာရ ဋ္ဌိတိကာ"**ဟူသော ပါဠိတော်ဖြင့် ဟောကြားတော်မူသည့်အပြင် အစာအာဟာရသည် သတ္တဝါများအသက်ရှည်ကြာစွာနေနိုင်ရန် အထောက်အပံ့ကောင်း ဖြစ်ကြောင်းကို ပဋ္ဌာန်းပါဠိတော်တွင် ဟောကြားတော်မူခဲ့ပါသည်။

လူတို့၏ ခန္ဓာကိုယ်ခိုင်မာစွာ ရပ်တည်နိုင်ရေးသည် အစာအာဟာရဟူသော ကျားထောက်ကျားခံရှိရန်လိုအပ်ပေသည်။ အစာအာဟာရဟူသော ကျားထောက်ကျားခံမရှိသော ခန္ဓာကိုယ်သည် မကြာမီ ပြိုလဲပျက်စီးသွားမည်ဖြစ်ပေသည်။ မိလိန္ဒပဉှာပါဠိတော်၌ အရှင်နာဂသိန်မထေရ်က မိလိန္ဒမင်းကြီးအား **"မင်းကြီးကမ်းပါးပြတ်၌ ဆောက်လုပ်ထားသော အိမ်သည်တစ်စုံတစ်ခုသော သစ်သားဖြင့် ကျားကန်ထောက်ပံ့ထားမှ မယိမ်းမယိုင်၊ မပြိုနိုင်သကဲ့သို့ ဤခန္ဓာကိုယ်ကြီးသည်လည်း အစာအာဟာရလျှင် မှီရာတည်ရာရှိ၏"**ဟုမိန့်ကြားတော်မူပါသည်။

အစာအာဟာရသည် လူကို သက်ရှည်ကျန်းမာစေရန် အကျိုးပြုသည်ဆိုသော်လည်း စားကောင်းတိုင်းစားသင့်သည် မဟုတ်ပေ။ မသင့်သော အစားအစာများကို ရှောင်ကြဉ်၍ သင့်သောအစားအစာကိုပင် မိမိဝမ်းနှင့် ချင့်ချိန်နှိုင်းဆလျက် စားသင့်ပါသည်။ စားကောင်းတိုင်း အမှတ်မဲ့ အလွန်အကျွံ စားသောက်မိလျှင် အကျိုးမဖြစ်စေရုံသာမက အန္တရာယ်နှင့် တွေ့ကြုံရမည်ဖြစ်သည်။ ချင့်ချိန်တိုင်းတာ၍ စားသောက်ခြင်းသည် ကျန်းမာလိုသူတိုင်း လိုက်နာရမည့် ကျင့်ဝတ်ဖြစ်၏။ ဗုဒ္ဓမြတ်စွာကလည်း **"အစားအသောက်၌ မမက်မော မတွယ်တာဘဲ အတိုင်းအရှည်ကို သိခြင်းသည်ကောင်း၏။ အစားအစာ၌ အတိုင်းအရှည်ကို မသိကြကုန်သော သူတို့သည် ရသတဏှာ၏ အစွမ်းအားဖြင့် မကောင်းမှုတို့ကိုပြုကြ၍ အပါယ်လေးပါးတို့၌ နစ်မွန်းကြရလေသည်။ အတိုင်းအရှည်ကို သိကြသူများမှာကား ပစ္စုပ္ပန်သံသရာနှစ်ပါးလုံး၌ နစ်မွန်းခြင်းကင်းလျက် အကျိုးရှိကုန်၏"**ဟု တိကနိပါတ်၊ သုကဇာတ်၌ ညွှန်ကြားဆုံးမတော်မူပါသည်။

အစားအသောက်ကို စားကောင်းတိုင်း မဆင်မခြင် ဒုက္ခရောက်အောင် စားကြသူ ငါးဦးကို အဋ္ဌသာလိနီ အဋ္ဌကထာကျမ်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရပါသည်–

**၁။ အချို့လူတို့သည် အလွန်အစားကြီးကြသဖြင့် နေရာမှ မိမိဘာသာ မထနိုင်၊ သူတစ်ပါးက လက်တွဲပြီး ထူပေးမှ ထနိုင်သောသူ။ (လက်ကို ဆွဲထူပေးရလောက်အောင် စားသူ)**

**၂။ အချို့လူတို့သည် အလွန်အကြူး စားသောက်ကြသဖြင့် ဝမ်းဗိုက်ပူလာကာ ပုဆိုးဝတ်၍ မရအောင်စားသူ။ (ပုဆိုးမဝတ်နိုင်လောက်အောင်စားသူ)**

**၃။ အချို့လူတို့သည် အလွန်အမင်း စားသောက်ကြသဖြင့် မထနိုင်တော့ဘဲ စားသောက်သည့်နေရာ၌ပင် အိပ်နေရသူ။ (စားသည့်နေရာ၌ လဲနေအောင်စားသူ)**

**၄။ အချို့လူတို့သည် အစားအသောက်လွန်သဖြင့် ဝမ်းဗိုက်ပြည့်သည်မှ ခံတွင်းရောက်သည် အထိဖြစ်ကာ ကျီးများပင် နှိုက်ယူစားသောက်နိုင်လောက်အောင်စားသူ။ (ပါးစပ်ထဲမှ အစာကိုကျီးများနှိုက်စား၍ ရလောက်အောင်စားသူ)**

**၅။ အချို့လူတို့သည် အစားများလွန်းသဖြင့် အန်ထုတ်ရလောက်အောင်စားသူ။ (အန်ထွက်အောင်စားသူ)**

အထက်ပါ စားခြင်းငါးမျိုးမှာ စားမိသောအစာသည် မိမိခန္ဓာကိုယ်ကို အကျိုးမပြုသည့်အပြင် အသက်အန္တရာယ်ကိုပင် ဖြစ်စေပါသည်။

မြတ်ဗုဒ္ဓက မူလပဏ္ဏာသ၊ ကကစူပမသုတ်တွင် **"ရဟန်းတို့ တစ်ထပ်တည်းသော ဆွမ်းကို စားကြကုန်လော့။ ထိုသို့ တစ်ထပ်တည်းသော ဆွမ်းကို စားကြကုန်သဖြင့် အနာရောဂါကင်းသော အဖြစ်ကိုလည်းကောင်း၊ ကြောင့်ကြကင်းသော အဖြစ်ကိုလည်းကောင်း၊ လျင်မြန်စွာထနိုင်သော အဖြစ်ကိုလည်းကောင်း၊ အင်အားရှိသော အဖြစ်ကိုလည်းကောင်း၊ ချမ်းသာစွာ နေရခြင်းကိုလည်းကောင်း သိကြကုန်လတ္တံ့"**ဟုဟောကြားတော်မူပါသည်။ ထို့ကြောင့် ကျန်းမာ၍ အသက်ရှည်လိုသူတိုင်း ဘုရား၊ ရဟန္တာပုဂ္ဂိုလ်ကြီးများကဲ့သို့ တစ်ထပ်တည်းသော ထမင်းကို မစားနိုင်သော်လည်း ထမင်းနှစ်ထပ်၊ သုံးထပ်စားပါက မိမိဝမ်းနှင့်သင့်တော်ရုံသာ စားသင့်ပေ၏။

စာပေကျမ်းဂန်တို့၌ **"မိမိဝလောက်ရုံ သင့်လျော်သော အစားအသောက်မှ လေးလုတ်စာ၊ ငါးလုတ်စာသောအစာကို လျှော့စားပြီး ရေကိုသာ ဝအောင်သောက်ပါ။ ဤသို့ အစာကို လျှော့၍စားခြင်းသည် ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရ မယုတ်လျော့သည့်အပြင် ကျန်းမာရေးအတွက် ကောင်း၏။ နိဗ္ဗာန်ကို မရမချင်း ဖွဲ့တင်း၍ တရားအားထုတ်နေသူအတွက်လည်း အထူးသင့်လျော်၏"**ဟူ၍ လာရှိပါသည်။

အစာအာဟာရကို စားသောက်ရာ၌ မိမိဝမ်းနှင့် နှိုင်းချိန်တိုင်းတာ စားသောက်မှ အကျိုးရှိနိုင်သည်ကို အထူးသတိပြုသင့်ပေသည်။ သင့်လျော်သော အစားအစာသည် အာဟာရဖြစ်စေသဖြင့် ဆေးတစ်မျိုးပင်ဖြစ်သည်။ သင့်လျော်သော ဆေးသည်လည်း အာဟာရဖြစ်စေသဖြင့် အစားအစာ တစ်မျိုးပင်ဖြစ်ကြောင်းကို **"အစာလည်း ဆေး၊ ဆေးလည်း အစာ"**ဟူ၍ ရှေးလူကြီးများက ကျန်းမာရေးလမ်းညွှန်ချက် ပြုထားပါသည်။ ထို့အတူ အစားကြီးလျှင် အလုပ်ဖင့်နွှဲကြောင်းကို **"အစားပုပ်သော်၊ အလုပ်ကြာ"**ဟူ၍လည်းကောင်း၊ မစားသင့်သော အစာကို တစ်လုတ်မျှစားမိရုံဖြင့် ဘေးဥပဒ်ဖြစ်တတ်သကဲ့သို့၊ မသွားသင့်သောအရပ်သို့ တစ်လှမ်းမျှသွားမိရုံဖြင့်လည်း ဘေးအန္တရာယ် တွေ့ရတတ်ပုံကို **"အစားမတော် တစ်လုတ်၊ အသွားမတော်တစ်လှမ်း"**ဟူ၍လည်းကောင်း ဆိုရိုးစကားများ ထားခဲ့ကြပါသည်။

အစာအာဟာရကို ခန္ဓာကိုယ်အတွက် အကျိုးရှိရန်နှင့် ကျန်းမာစေရန် စားသောက်ရေးနှင့် ပတ်သက်၍ ဘုရားရှင် ညွှန်ကြားထားတော်မူသည်မှာ–

**၁။ အစာကို အချိန်အခါအလိုက် စားရမည်။**

**၂။ မိမိနှင့်သင့်လျော်သော အစာကို စားရမည်။**

**၃။ မိမိနှင့် သင့်လျော်စေကာမူ ကြေကျက်လွယ်သော အစာကိုသာ စားရမည်။**

**၄။ သင့်လျော်ကြေကျက်သော အစာဖြစ်သော်လည်း မိမိဝမ်းနှင့် ချင့်ချိန်တိုင်းတာ၍ စားရမည်။**

ဟု အင်္ဂုတ္တရနိကာယ်၊ အနာယုဿသုတ်၌ ဟောကြားတော်မူပါသည်။

သို့အတွက် လူတိုင်းလူတိုင်းသည် လူ့ လောက၌ ကျန်းမာစွာ အသက်ရှည်၍ ချမ်းသာစွာ နေလိုကြ၏။ **"ကျန်းမာခြင်းသည် အမြတ်ဆုံးလာဘ် (အာရောဂျ ပရမာ လာဘာ)"**ဟု မြတ်ဗုဒ္ဓ ဟောကြားတော်မူသည့်အတိုင်း အမြတ်ဆုံး ကျန်းမာရေးလာဘ်ကို အရယူနိုင်ရန် အစာအာဟာရနှင့် ပတ်သက်၍ ဘုရားရှင်၏ လမ်းညွှန် ဟောကြားချက်များကို သတိပြုလိုက်နာရန် အထူးလိုအပ်ပါသည်။

လူတို့သည် ကျန်းမာနေစဉ် ကျန်းမာခြင်း၏ တန်ဖိုးကို သတိမရကြသော်လည်း ကျန်းမာရေးချို့တဲ့မှ နောင်တ ရတတ်ကြ၏။ ကုသိုလ်၊ ပညာ၊ ဥစ္စာဟူသော အနှစ်သုံးမျိုးမှာ ကျန်းမာသူများသာ စုဆောင်းရရှိနိုင်သဖြင့် ကောင်းမြတ်သော ဥစ္စာအနှစ်သုံးမျိုးကို ရယူပိုင်ဆိုင်ပြီး လူ့ဘဝကို ကောင်းသောရရှိသူတစ်ယောက်ဖြစ်ရန် မိမိတို့ နေ့စဉ် မဖြစ်မနေစားသုံးရသော အစာအာဟာရကို **"အစာသည်ဆေး၊ ကျန်းမာရေး"** ဟူသည်နှင့်အညီ သတိပညာရှေ့ထားပြီး စားသုံးကြပါဟု တိုက်တွန်းလိုက်ရပါသည်။

**ဒုတိယအကြိမ် အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ရပ်ရှင်သရုပ်ဆောင် ဦးညွန့်ဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။** (ခရစ်ကက်အဖွဲ့ချုပ်)

## အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ဒုတိယအကြိမ် ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲ (2nd INTER SCHOOL CRICKET CHALLENGE SHIELD 2007-2008) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗဟန်းခရစ်ကတ် လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ဦးညွန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးကျော်ကျော်၊ ဦးမောင်မောင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများသည် သတ်မှတ်ထားသောနေရာ၌ နေရာယူကြပြီး မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်း က အဖွင့်အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက် ပထမပွဲအဖြစ် အထက (၁) လမ်းမတော်အသင်းနှင့် အထက (၁) ဗဟန်းအသင်းတို့ ယှဉ်ပြိုင် ကစားကြရာအထက(၁)လမ်းမတော်အသင်းက ၆၆ မှတ် ရရှိပြီး အထက(၁)ဗဟန်းအသင်းက ၅၂ မှတ်ရရှိကာ အထက(၁) လမ်းမတော်အသင်းက ၁၄ မှတ် အသာဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီခွဲတွင် ဗဟန်းခရစ်ကတ် လေ့ကျင့်ရေးကွင်း၌ အမျိုးသား ပထမပွဲအဖြစ် အထက(၄) အလုံအသင်းနှင့် အထက (၂)ဒဂုံအသင်း၊ ဒုတိယပွဲအဖြစ် အထက (၁) ဗဟန်းအသင်းနှင့် အထက(၂) ပန်းဘဲတန်းအသင်း၊ တတိယပွဲအဖြစ် အထက(၁) လသာအသင်းနှင့် အထက (၃)တာမွေအသင်း၊ အထက(၁)လမ်း မတော်ကွင်း၌ အမျိုးသမီး ပထမပွဲအဖြစ် အထက (၁) ဗဟန်းအသင်းနှင့် အထက(၃) တာမွေအသင်း၊ ဒုတိယပွဲ အဖြစ် အထက(၃) ကြည့်မြင်တိုင် အသင်းနှင့် အထက(၂)ဒဂုံအသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နဝမအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် (၂၀၀၇–၂၀၀၈)ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည် အစည်းအဝေးသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အသင်းဝင် လုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များ၊ အအေးခန်းစက်ရုံနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များ၊ ငါး၊ ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ၊ ရေချိုငါးဖမ်းလုပ်ငန်းရှင်များ၊ ကဏန်းလုပ်ငန်းရှင်များ၊ ငါးရှဉ့်လုပ်ငန်းရှင်များ၊ အလှမွေးငါးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် အခြားဖိတ်ကြားထားသူများအား ဖိတ်ကြားထားပြီးဖြစ်၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ကြသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် (၂၀၀၇–၂၀၀၈)ကိုပါ ပူးတွဲကျင်းပမည်ဖြစ်သည်။ ဈေးပွဲတော်တွင် မြန်မာ့ရေထွက်ပစ္စည်းများဖြင့် ချက်ပြုတ်သည့် ဟိုတယ်ကြီးများ စားသောက်ဆိုင်များ၊ အသင့်စားသုံးနိုင်ရန် ပြုပြင်ထုတ်လုပ်ထားသည့် မြန်မာ့ရေထွက်ပစ္စည်းထုတ်ကုန် အရောင်းဆိုင်များနှင့် အခြားလူသုံးပစ္စည်း အရောင်းဆိုင်များ၊ မြန်မာ့ရေထွက်ပစ္စည်းများနှင့် သက်ဆိုင်သည့် ပညာပေးပြခန်းများ ပါဝင်ရောင်းချ ပြသကြမည်ဖြစ်သည်။

ဈေးပွဲတော်ကို ဒီဇင်ဘာ ၃၀ရက် နံနက် ၁၀ နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ နေ့စဉ် ၉ နာရီမှ ည ၁၀ နာရီအထိ ခင်းကျင်းရောင်းချ ပြသကြမည် ဖြစ်သည်။ ဈေးပွဲတော်လာ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ရန်အတွက် ဖျော်ဖြေရေး အစီအစဉ်များ ပါရှိမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုနှင်းပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲ ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၃ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ ရွှေကျင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက် ၈၀ နှင့်အထက် အသင်းဝင်များနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသော အသင်းဝင်၏ သား၊ သမီးများ စာရင်းကို အသင်းရုံး ဖုန်း–၂၄၁၈၃၀ သို့ ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား ပေးပို့ကြပါရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

(က–ပ)

# ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ပွင့်ဖြူ–ပခုက္ကူလမ်းပိုင်းဖောက်လုပ်မှုစစ်ဆေး

## ရေဝတီမြစ် အနောက်ဘက်ကမ်းဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဒီဇင်ဘာ ၁၇

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ ဒီဇင်ဘာ ၁၄ရက် နံနက်ပိုင်းတွင် ချောက်မြို့ဘူတာရုံသို့ရောက်ရှိပြီး ဘူတာဝန်းကျင်တွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးရေး၊ အရန်ရေလှောင်ကန်တည်ဆောက်ရေးတို့ကို မှာကြားပြီး ကုန်ရုံနေရာရွေးချယ်သတ်မှတ်ပေးသည်။**

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ကြံခင်း–ပခုက္ကူရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၏ အပိုင်း(၃)ဖြစ်သော ပွင့်ဖြူ–ပခုက္ကူလမ်းပိုင်း ဖောက်လုပ်မှု အခြေအနေကို မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ဆက်လက်၍ ဆိပ်ဖြူမြို့နှင့် (၁၆)မိုင်ခန့်အကွာရှိ ဆိပ်ဖြူဘက်ကမ်း ပေတောရွာအနီးမှ ပခုက္ကူဘက်ကမ်း ကဖွဲ့ရွာအနီးသို့ ချစ်ချောင်းအား ဖြတ်သန်းဖောက်လုပ်မည့် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကြံခင်း–ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ ပွင့်ဖြူ–ပခုက္ကူလမ်းပိုင်း ဖောက်လုပ်မှု စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးနှင့်အဖွဲ့အား မြန်မာ့မီး ရထားမှ စီမံကိန်း အင်ဂျင်နီယာ ဦးမောင်မောင်သွင်ကစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးဦးဖေသန်းက လုပ်ငန်းပိုင်းအလိုက် ခွဲခြားပြီး လုပ်ငန်းအကောင်အထည်ဖော်မှု တွင်ကျယ်မြန်ဆန်အောင် ဆောင်ရွက်နိုင်မည့် အစီအမံများဖြည့်စွက်တင်ပြသည်။ ဝန်ကြီးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဧရာဝတီမြစ် အနောက်ဘက်ကမ်းဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးသော စီမံကိန်းလုပ်ငန်းကြီးဖြစ်၍ ဝန်ထမ်းများရော၊ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များပါ စေတနာစိတ်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်ရေး၊ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ဖြူမြို့နယ် ဒေါ်သာရွာအနီးတွင်ရှိသော အရှည် ၁၄၄၅ပေရှိ ယောချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေး သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူမြို့နယ် ထန်းခြောက်ပင်ရွာအနီးတွင် ရထားလမ်း အူကြောင်း ရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ ပခုက္ကူမြို့နယ် ကျောက်လှေကားထစ် ယာယီစခန်းသို့ရောက်ရှိ၍ တန့်ကြည့်တောင်ဖြတ် ရထားလမ်းအတွက် အမြင့်ဆုံးဖြတ်မြေ ဆောင်ရွက်ရမည့်နေရာကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူမြို့နယ် ကျွန်းချောင်းကျေးရွာအနီး မြေဖြတ်လုပ်ငန်း ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ ကျွန်းချောင်းဘူတာ တည်ဆောက်မည့်နေရာတွင် ယန္တရားများ အသုံးပြု၍ မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ ပခုက္ကူမြို့နယ် ဘဲကြီးကျေးရွာအနီး ယန္တရားများဖြင့် မြေသားတာပေါင်ဖို့ခြင်းလုပ်ငန်း၊ ဘဲကြီးဘူတာ တည်ဆောက်ရန် မြေနေရာ ရွေးချယ်ထားမှုနှင့် ၁၇၂ ပေအရှည် နန်းတော်ရပ်တံတား တည်ဆောက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပခုက္ကူ–မြစ်ခြေကားလမ်းအောက်မှ ရထားလမ်းဖြတ်သန်းဖောက်လုပ်မည့်နေရာသို့ ရောက်ရှိပြီး အခိုင်အမာ တံတားတည်ဆောက်၍ မော်တော်ယာဉ် လမ်းလွှဲဆောင်ရွက်ပြီးမှ ရထားလမ်း ဆောင်ရွက်မှုကို လျင်မြန်စွာဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ပခုက္ကူမြို့အနီး ၇၆၅ ပေအရှည် ချောင်းမကိုင်းတံတား တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

## လမ်းဖောက်မှုစစ်ဆေး

**ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြံခင်း–ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း ပွင့်ဖြူ–ပခုက္ကူလမ်းပိုင်းတွင် စက်ယန္တရားများဖြင့် လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (ရထား)

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူမြို့နယ်အတွင်းရှိ ၁၇၂ ပေအရှည် ကံလှချောင်း တံတားတည်ဆောက်မှု အခြေအနေကိုလည်းကောင်း၊ ၁၀ ပေ ရှစ်ပေ လေးပေါက်တွဲ လယ်ယာချောင်း တံတားတည်ဆောက်မှု အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းပေးသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒီဇင်ဘာ ၁၅ရက်နေ့ နံနက်တွင် ပခုက္ကူမြို့ ကုန်းလမ်းပို့ဆောင်ရေး ဌာနခွဲခန်းမ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူဘူတာရုံသို့ ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ညောင်လွန့်တောရ ရာပြည့်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

နေပြည်တော် တပ်ကုန်းမြို့နယ် မဟာဓမ္မဒီပိကာရာမ ညောင်လွန့်တောရကို ၁၂၆၉ခုနှစ်၊ တပေါင်းလမှ စတင်တည်ထောင်ခဲ့ရာ ၁၃၆၉ခုနှစ်၊ တပေါင်းလတွင် နှစ်(၁၀၀) ပြည့်တော့မည်ဖြစ်၍ သြဝါဒါစရိယဆရာတော်ကြီးများ၏ သြဝါဒကို ခံယူလျက် ရာပြည့်ပွဲတော် ကျင်းပရေး ဗဟိုကော်မတီက ၁၃၆၉ခုနှစ်၊ တပေါင်းလဆန်း ၇ရက် (၂၀၀၈ခု၊ မတ်၁၃ရက်) ကြာသပတေးနေ့တွင် ရာပြည့်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

## လမ်းမတော်လမ်းမိသားစု ရှင်ဥပဂုတ္တမထေရ်ပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၇)ရပ်ကွက် လမ်းမတော်လမ်း မိသားစုက (၂၆)ကြိမ်မြောက် ရှင်သီဝလိ၊ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်မှ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၃ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားအလှူအဖြစ် ဒီဇင်ဘာ ၂၇ရက်၌ ဓမ္မကထိကကြာနီကန် ဦးရေဝတ၊ ဒီဇင်ဘာ ၂၉ရက်၌ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဦးပညာသာရ (ပန်းတစ်ပွင့်တောင်)၊ ဒီဇင်ဘာ ၃၁ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ အောင်စကြာ ဘဒ္ဒန္တ စန္ဒသူရိယ၊ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂ရက်၌ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တရေဝတဆရာတော်တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည်ဖြစ်သည်။ ဇန်နဝါရီ ၁ရက် မွန်းလွဲ ၁နာရီမှစ၍ လသာမြို့နယ်နှင့် လမ်းမတော်မြို့နယ်များသို့ အစဉ်အလာ အတိုင်းလှည့်လည် အပူဇော်ခံပြီး ဇန်နဝါရီ ၄ရက် နံနက် ၆နာရီတွင် မော်တင်ဆိပ်ကမ်းမှ တွံတေးမြစ်ဝသို့ ရေမျှောပွဲ ကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က–ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၈–၁၂–၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄:၁၅** ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၇။ မြန်မာသံစဉ်ချိုနားဝင်
- **၅:၁၅** ၈။ မြဝတီရုပ်မြင်သံကြားမင်္ဂလာဇင်းကဏ္ဍ
- **၅:၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ အမျိုးသားရေးတေးကဗျာ
- **၆:၃၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ၁၈နှင့်၂၉ (အပိုင်း–၁၆)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ မွေးမြူသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –နီလာလက်ကောက် (အပိုင်း–၂၀)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

## နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း

### ကာတာ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ရှိတ် ဟာမတ် ဘင် ယာဆင် ဘင် ဂျာဘီ အယ်(လ်)သာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ဂျပန်တွင်ကောင်းကင်ကြိုးရထားပျက် ခရီးသည် ၁၀၀ နီးပါး ၁၂ နာရီကြာမျှပိတ်မိ

**တိုကျို ဒီဇင်ဘာ ၁၇**

ဂျပန်နိုင်ငံရှိ အပန်းဖြေနှင်းလျှောစီးရာဒေသတွင် နှင်းလျှောလျှောစီးသူများကို သယ်ဆောင်သော ကောင်းကင်ကြိုးရထားချွတ်ယွင်းသွားသဖြင့် လိုက်ပါသူ ၉၀ မှာ ၁၂နာရီကြာမျှ ပိတ်မိနေခဲ့ကြောင်း ဒီဇင်ဘာ ၁၅ ရက်ထုတ် ဂျပန်မီဒီယာ သတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

ထိုအဖြစ်အပျက်ဖြစ်ပွားသောနေရာမှာ တိုကျိုမြို့အနောက်မြောက်ဘက် မိုင် ၁၁၀ အကွာရှိ အိုတာကီမြို့တွင် ဖြစ်သည်။ ကြိုးရထားပုခက်တွဲ ၄၄ တွဲပေါ်တွင် ပိတ်မိနေသော လျှောစီးသူများကို တစ်ဦးချင်းကယ်တင်ယူခဲ့ရသည်။ ယင်းအဖြစ် အပျက်ဖြစ်ပွားနေချိန်၌ ပြင်ပရှိ အပူချိန်သည် ရေခဲမှတ်အောက်သို့ ရောက်သည့် တိုင်အောင် ကျဆင်းနေသည်။

ကောင်းကင်ကြိုးရထားသည် နံနက် ၁၀နာရီခွဲတွင် ချွတ်ယွင်းသွားသည်။ ထိုအဖြစ်အပျက်ကြောင့် ၁ဒသမ၅မိုင်မျှရှည်သော ကောင်းကင် ကြိုးတန်းပေါ်တွင် ပုခက်တွဲပေါင်း ၄၀ ကျော်ရပ်ဆိုင်းသွားခဲ့သည်။ ယင်းတွဲများပေါ်မှ နောက်ဆုံး ခရီးသည်ကို ကယ်တင်ပြီးချိန်မှာ ည ၁၀ နာရီနီးပါးရှိနေပြီဖြစ်သည်ဟု ရိုမီယူရီနှင့် ကျိုဒိုသတင်းစာတို့က ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## ပြင်သစ်ပါရီမြို့လယ်၌ အိမ်ခြေရာမဲ့များဆန္ဒပြ

**ပါရီ ဒီဇင်ဘာ ၁၇**

ပြင်သစ်နိုင်ငံပါရီမြို့လယ်စိန့်မြစ်နံဘေး နော်တာဒိန်းအရပ်တွင် အိမ်ခြေရာမဲ့များက လူအများသိရှိစေရန်ရည်ရွယ်၍ ရွက်ဖျင်တဲ ဒါဇင်ပေါင်းများစွာထိုး၍ လာရောက်နေထိုင်ကြသည်။ **(အပေါ်ပုံ)**

ရဲတပ်ဖွဲ့က တဲပေါင်း ၂၅၀တို့ကို အဓမ္မဖယ်ရှားရွှေ့ပြောင်းပစ်ခဲ့ကြောင်း အိမ်ခြေရာမဲ့များအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

အိမ်ခြေရာမဲ့များအနေဖြင့် ဖော်ပြပါအပြုအမူမျိုးမပြုလုပ်ရန် အာဏာပိုင်များက ဒီဇင်ဘာ ၁၄ရက်က သတိပေးခဲ့သည်။ ၎င်းတို့အတွက် နေစရာဖန်တီးပေးမည်ဟုလည်း သဘောတူခဲ့သည်ဟုဆိုသည်။

အာဏာပိုင်များကပေးထားသည့် ကတိအတိုင်း ဖြေရှင်းပေးရန်ပျက်ကွက်ခဲ့သဖြင့် အိမ်ခြေရာမဲ့များအဖွဲ့က အပြင်းအထန်ဝေဖန်ခဲ့သည်။ နေထိုင်စရာယူနစ်ပေါင်း ၂၇၀၀၀ ဖန်တီးပေးမည်ဟု အာမ ခံခဲ့သော်လည်း ယူနစ်ပေါင်း ၁၄၀၀၀သာဖန်တီးပေးနိုင်ခဲ့သည်။ ထိုအခြေ အနေကြောင့် အိမ်ခြေရာမဲ့များသည် ပါရီမြို့လယ်တွင် တဲများထိုး၍ ဆက်လက်ဆန္ဒပြကြရန် အစီအစဉ်ရှိသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

✳ ရှေ့ဖုံးမှ

စီမံကိန်းအဆင့်ဆင့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြကြသည်။

**မုန်းချောင်းအပေါ်ဆုံးအပိုင်း၌တည်ဆောက်နေ**

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရှင်းလင်းတင်ပြရာ၌ အထက်ဖူးရွာရေလှောင်တမံစီမံကိန်းကို စေတုတ္တရာမြို့နယ် သူကောင်းကျင်းကျေးရွာအနီး မုန်းချောင်းအပေါ်ဆုံးအပိုင်း၌ တည်ဆောက်နေခြင်းဖြစ်ပါကြောင်း။

အထက်ဖူးရွာ ရေလှောင်တမံစီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရုံမက အောက်ပိုင်းရှိ ဖူးရွာရေလှောင်တမံသို့ ရေကူရေဖြည့်သွင်းပေးနိုင်ပြီး ဖူးရွာတမံ၏လျှပ်စစ်စွမ်းအားထုတ်လုပ်မှုကိုလည်း ပိုမိုခိုင်မာအောင် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

**ရေအားလျှပ်စစ်ထုတ်မည်**

ထို့အပြင် အထက်ဖူးရွာနှင့် ဖူးရွာရေလှောင်တမံတို့မှတစ်ဆင့် မုန်းချောင်းရေလှောင်တမံ၊ ထိုမှတစ်ဆင့် ကြီးအုံ–ကြီးဝ ရေလှောင်တမံစီမံကိန်းအထိ အဆင့်ဆင့် ရေသိုလှောင်ရေချလွှတ်ပေး၍ အဆင့်တိုင်း၌ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်သွားပြီး နောက်ဆုံးအဆင့်၌ မဲဇလီရေလွှဲဆည်၏ ရေသောက်စနစ်အတိုင်း စိုက်ပျိုးရေကို မိုးရော နွေပါ အပြည့်အဝ ဖြန့်ဖြူးပေးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုအထောက်အကူပြုသွားမှာဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ဌေးဦးက စေတုတ္တရာမြို့နယ် ဖူးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)ကပင် တာဝန်ယူတည်ဆောက်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကြီးအုံ–ကြီးဝ ရေလှောင်တမံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ရေရှည်၌ မိမိ၏ကိုယ်ပိုင်အတတ်ပညာနှင့် ကိုယ်ပိုင်စွမ်းအားအပေါ် ခိုင်ခိုင်မာမာရပ်တည်နိုင်ရန်အရေးကြီး မိမိ၏လုပ်ငန်းဆောင်ရွက်နိုင်မှုအပေါ် ယုံကြည်ပြီး ကျွမ်းကျင်ပိုင်နိုင်သည့် ပညာရှင်များဖြစ်အောင် အားထုတ်

လျက်ရှိသည့် ဖူးရွာရေလှောင်တမံစီမံကိန်းနှင့် စပ်လျဉ်း၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ရေအားလျှပ်စစ်ဓာတ်အား ၄၂ မဂ္ဂါဝပ် ထုတ်ယူနိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှင်းလင်းတင်ပြရာ၌ မုန်းချောင်းစီမံကိန်းများအနက် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ အကောင်အထည်ဖော်ပြီးစီးခဲ့သော စီမံကိန်းဖြစ်ပါကြောင်း။

**ရေလွှတ်ပေးလျက်ရှိ**

ယင်းမုန်းချောင်းစီမံကိန်းမှ ရေအားလျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်လုပ်လျက်ရှိပြီး အောက်ဘက်ရှိ ကြီးအုံ–ကြီးဝ စီမံကိန်းသို့ ဆက်လက်ရေလွှတ်ပေးလျက်ရှိပါကြောင်း။

မုန်းချောင်း ရေလှောင်တမံစီမံကိန်းအဆင့်ဆင့် ပြီးစီးပါက သက်ဆိုင်ရာဒေသများ ရေရရှိရေး၊ စိမ်းလန်းစိုပြည်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးပြုသွားမှာဖြစ်ပါကြောင်း။

**ကြီးအုံ–ကြီးဝ ရေလှောင်တမံစီမံကိန်းကို တွေ့ရစဉ်။** (သတင်းစဉ်)

အထက်ဖူး၊ ဖူး၊ မုန်းချောင်းနှင့် ကြီးအုံ–ကြီးဝ ရေလှောင်တမံအဆင့် (၄)ဆင့်မှ စီးဆင်းရေများသည် အောက်ဆုံးအဆင့်ရှိ မဲဇလီရေလွှဲဆည်မှတစ်ဆင့် ဆည်ရေသောက် ဧကတစ်သိန်းခန့်ကို အကျိုးပြုသွားမည်ဖြစ်သည့်အပြင် စုစုပေါင်း ရေအားလျှပ်စစ်ပမာဏ ၃၄၁ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့က စီမံကိန်းများအတွက် ဘိလပ်မြေဖြည့်ဆည်းပေးမှုများ၊ ဥမင်လိုဏ်တူးစက် ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**လမ်းညွှန်မှာကြား**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် **မုန်းချောင်းတစ်လျှောက်၌ တည်ဆောက်လျက်ရှိသော ဤစီမံကိန်းများသည် ရောဝတီအနောက်ဘက်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားရေးဘဝမြင့်မားရေးအတွက် အထောက်အကူပြုမည့် စီမံကိန်းများဖြစ်ကြောင်း။**

**နောင်မကြာမီ နှစ်များအတွင်း၌ ဖြစ်ပေါ်လာမည့် စက်မှုလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာပေးနိုင်ရန် စီမံဆောင်ရွက်ရမှာဖြစ်ကြောင်း။**

**စေတနာထားကြိုးပမ်း**

**ထို့ကြောင့် စီမံကိန်းလုပ်ငန်းများကို စနစ်တကျ သပ်သပ်ရပ်ရပ်ဖြင့် မြန်မြန်ဆောင်ရွက်၊ မြန်မြန်ပြီးစီးရန် အရေးကြီးကြောင်း၊ စံချိန်စံညွှန်းမီမီဖြင့်**

**သတ်မှတ်ရက်ထက် စောပြီးအောင် စေတနာထား အားထုတ်ကြိုးပမ်းကြရန် လိုကြောင်း။**

**မိမိတို့၏ အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များအနေဖြင့် ဆည်တမံတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းအတွေ့အကြုံများစွာ ရရှိထားပြီးဖြစ်ရာ ဆည်တမံလုပ်ငန်းပိုင်းကို သာမက ရေအားလျှပ်စစ်လုပ်ငန်းပိုင်းကိုလည်း မိမိကိုယ်တိုင် ဒီဇိုင်းပုံစံများကို တိုင်းတာထုတ်လုပ်နိုင်စွမ်းရှိရန် လိုအပ်ကြောင်း။**

**ရေရှည်၌ မိမိ၏ ကိုယ်ပိုင်အတတ်ပညာနှင့် ကိုယ်ပိုင်စွမ်းအားအပေါ် မိမိ၏ကိုယ်ပိုင်ခြေထောက်အပေါ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရန် အရေးကြီးကြောင်း။**

**မိမိ၏ လုပ်ငန်းဆောင်ရွက်နိုင်မှု**
**ပိုင်နိုင်မှုရှိသည့် ပညာရှင်များဖြစ်အောင်**
ဖြင့် မှာကြားသည်။

**ကြည့်ရှုစစ်**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်း
လျှပ်စစ် ဥမင်လိုဏ်၊ ရေလွှဲဥမင်လိုဏ်၊ ပ
နှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု
အထက်ဖူးရွာ ရေလှောင်တမံစီမံ
အမျိုးအစားမှာ ကျောက်ဖြည့်တမံ အမျိုး
ပေနှင့် အလျားပေ ၃၃၀၀ ရှိမည်ဖြစ်သ
စီမံကိန်းအရ ၇၅ မဂ္ဂါဝပ်ရှိ စက်
ဓာတ်အား မဂ္ဂါဝပ် ၁၅၀ ထုတ်ယူသွား

**ကြီးအုံ–ကြီးဝရေလှော**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်း
ကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်းသို့
ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ
ဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်
တာဝန်ရှိသူများက ကြိုဆိုကြသည်။
ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက
စီမံကိန်း တည်နေရာနှင့် စီမံကိန်းဆိုင်
အဓိကဆောင်ရွက်ရမည့် လုပ်ငန်းများ၊
များကို ရှင်းလင်းတင်ပြသည်။
ဆက်လက်၍ ဒုတိယဝန်ကြီး ဦး
အလိုက် အဆင့်ဆင့်ဆောင်ရွက်မှုများကို

**စော၍ပြီးအော**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လ
**ရောဝတီအနောက်ဘက်ကမ်းဒေသ ဖွံ့ဖြိုး**
**ဤစီမံကိန်းလုပ်ငန်းများကို စော၍ပြီးစီးနိုင်**
**အထည်ဖော်သွားကြရန်။**
**ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာ၌**
**လိုအပ်သလိုစုစည်း၍ ထိထိရောက်ရော**
**လျင်မြန်စွာပြီးစီးအောင်စီမံကြရန်** မှာက

**ပုံစံငယ်ကြ**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်း
ကြီးဝ ပင်မတမံ တည်ဆောက်ပြီးစီး
ရေပိုလွှဲ တည်ဆောက်နေမှုအခြေအနေကို
သည်။ ဆက်လက်၍ ကြီးအုံ–ကြီးဝ
တာဝန်ရှိသူများက ရှင်းလင်းပြသကြသ

**မုန်းချောင်းရေလှောင်တမံကို**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စီမံကိန်းပိုင်းဆိုင်ရာ လုပ်ငန်းများဖြစ်သည့်
မည့်နေရာ၊ ရေအားလျှပ်စစ်ဓာတ်အားပေ
ရေလွှဲမြောင်းဖောက်လုပ်ထားမှုများကို လ
ကြီးအုံ–ကြီးဝ ရေလှောင်တမံကို ပွ
၏အထက် ငါးမိုင်ခန့်အကွာ မုန်းချောင်း
ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်း
မုန်းချောင်းရေလှောင်တမံမှ ဓာတ
ထုတ်လွှတ်လိုက်သော ရေများကို ကြီးအုံ–
ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ် ထပ်မံထု

**မိမိ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုအပေါ် ယုံကြည်မှုရှိပြီး ကျွမ်းကျင်ပိုင်နိုင်မှုရှိသည့် ပညာရှင်များဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း** ဖြင့် မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရေအားလျှပ်စစ် ဥမင်လိုဏ်၊ ရေလွှဲဥမင်လိုဏ်၊ ပင်မတမံတည်ဆောက်မည့် နေရာများနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အထက်ဖူးရွာ ရေလှောင်တမံစီမံကိန်း၌ တည်ဆောက်မည့် တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံ အမျိုးအစားဖြစ်သည်။ တမံအမြင့် ၄၅၁ ပေနှင့် အလျားပေ ၃၃၀၀ ရှိမည်ဖြစ်သည်။

စီမံကိန်းအရ ၇၅ မဂ္ဂါဝပ်ရှိ စက်နှစ်လုံးတပ်ဆင်၍ ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၅၀ ထုတ်ယူသွားနိုင်မည်ဖြစ်သည်။

### ကြီးအုံ-ကြီးဝရေလှောင်တမံစီမံကိန်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကြီးအုံ-ကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကြီးအုံ-ကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်း တည်နေရာနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်း၌ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအုန်းမြင့်က စီမံကိန်းလုပ်ငန်းကဏ္ဍအလိုက် အဆင့်ဆင့်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

### စော၍ပြီးအောင်ကြိုးပမ်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **ရောဝတီအနောက်ဘက်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေသည့် ဤစီမံကိန်းလုပ်ငန်းများကို စော၍ပြီးစီးနိုင်သမျှ ပြီးစီးအောင် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန်။**

**ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာ၌ လုပ်ငန်းသုံးစက်ယန္တရားများကို လိုအပ်သလိုစုစည်း၍ ထိထိရောက်ရောက် အသုံးချခြင်းဖြင့် လုပ်ငန်းများ လျင်မြန်စွာပြီးစီးအောင်စီမံကြရန်** မှာကြားသည်။

### ပုံစံငယ်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကြီးအုံ-ကြီးဝ ပင်မတမံ တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ရေပိုလွှဲ တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ကြီးအုံ-ကြီးဝ ရေလှောင်တမံပုံစံငယ်ကို ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

**မုန်းချောင်းရေလှောင်တမံကို တွေ့ရစဉ်။** (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရေအားလျှပ်စစ်စီမံကိန်းပိုင်းဆိုင်ရာ လုပ်ငန်းများဖြစ်သည့် ရေယူအဆောက်အအုံ တည်ဆောက်မည့်နေရာ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာနှင့် ရေလွှဲမြောင်းဖောက်လုပ်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံကို ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်၏အထက် ငါးမိုင်ခန့်အကွာ မုန်းချောင်းရေလှောင်တမံ၏ အောက်ဘက် ၁၅ မိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ တည်ဆောက်နေခြင်းဖြစ်သည်။

မုန်းချောင်းရေလှောင်တမံမှ ဓာတ်အားထုတ်လုပ်ပြီးနောက် ထိန်းညှိထုတ်လွှတ်လိုက်သော ရေများကို ကြီးအုံ-ကြီးဝ ရေလှောင်တမံ၌သိုလှောင်၍ ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ် ထပ်မံထုတ်လွှတ်နိုင်မည်ဖြစ်သည်။

### ရေလှောင်တမံလေးခု

မုန်းချောင်းတစ်လျှောက် ယခုကဲ့သို့ ရေလှောင်တမံ လေးခု အဆင့်ဆင့် တည်ဆောက်ခြင်းအားဖြင့် မုန်းချောင်းရေများကို အပြည့်အဝ ထိရောက်စွာ အသုံးချနိုင်မည့်အပြင် ရေအားလျှပ်စစ်ဓာတ် အားများထုတ်လုပ်ရာ၌ စက်စွမ်းအားနှင့်အညီ ခိုင်ခိုင်မာမာ ထုတ်လုပ်လာနိုင်စွမ်း ရှိလာမည်ဖြစ်သည်။ ရေလှောင်တမံ အဆင့်လေးဆင့်၌ စုစုပေါင်း စက်တပ်ဆင်အင်အားမှာ လျှပ်စစ်ဓာတ်အား ပမာဏ ၃၄၁ မဂ္ဂါဝပ် ထုတ်လုပ်နိုင်အားရှိမည်ဖြစ်သည်။

ထို့အပြင် ဆည်ရေသောက်ဧရိယာအတွင်း မိုးစပါးကိုသာမက နွေစပါးနှင့် သီးထပ်သီးနှံများစိုက်ပျိုးရေးအတွက် ဆည်ရေအပြည့်အဝ ပေးနိုင်မည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မုန်းချောင်းတစ်လျှောက် တည်ဆောက်လျက်ရှိသည့် မုန်းချောင်းရေလှောင်တမံစီမံကိန်းအဆင့်ဆင့် လုပ်ငန်းများကို လှည့်လည်သွားရောက် ကြည့်ရှုစစ်ဆေးရာတွင် ဒေသအတွင်း တည်ဆောက်ပြီးဖြစ်သည့် စလင်းရေလှောင်တမံနှင့် မုန်းချောင်းရေလှောင်တမံတို့၏ ရေသိုလှောင်ထားနိုင်မှုအခြေအနေများ၊ ဆည်တမံများမှ စိုက်ပျိုးရေပေးဝေနိုင်မှုများ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုများ၊ သစ်တော သစ်ပင်ထိန်းသိမ်းစောင့်ရှောက်ထားနိုင်မှု အခြေအနေများကိုလည်း ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

## သင်္ဂါယနာ/ သင်ရိုးပိဋကတ်သုံးပုံ ကြေးပိဋကတ်တော် ရေစက်ချမင်္ဂလာကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၇

သာသနာတော် အစွန့်ရှည် တည်တံ့စေရန် ရည်သန်လျက် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီး၏ နာယက မင်္ဂလာတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ဦးဆောင်၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းလျက်ရှိသည်။

ယခုအခါ သင်ရိုးပိဋကတ်သုံးပုံ စာအုပ်ရေ ၂၀ ပြုလုပ်ပြီးစီး၍ ပြုလုပ်ပြီးစီးသမျှ သင်ရိုးပိဋကတ်သုံးပုံ ကြေးပိဋကတ်တော်အတွက် ကြေးပြားအလှူရှင် ၂၉၃၀တို့၏ စုပေါင်းရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို (၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်) ဒီဇင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

## နွားထိုးကြီးမြို့နယ် မိသားစုများ ကျောင်းထိုင် သံဃာတော်များအား စုပေါင်းပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၇

ရန်ကုန်မြို့ရှိ နွားထိုးကြီးမြို့နယ်သူ၊ မြို့နယ်သား မိသားစုများစုပေါင်း၍ ရန်ကုန်မြို့၌ သီတင်းသုံးနေသော ကျောင်းထိုင်သံဃာတော် ၁၆ ပါးအား ပူဇော်ခြင်း၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ခြင်း၊ ပညာထူးချွန်သော တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုခြင်း အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်း(၃)လမ်းထိပ်ရှိ သံယုတ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အပူဇော်ခံသက်ကြီးပုဂ္ဂိုလ်များ၊ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ အမည်စာရင်းများကို အမှုဆောင်အဖွဲ့သို့ အမြန်အကြောင်းကြားပေးပို့ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးအောင်ကြည်(ဥက္ကဋ္ဌ) ဖုန်း-၂၂၂၂၆၄၊ ဦးသန်း(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၄၅၇၈၁၊ ဦးရန်အောင်သန်း(အတွင်းရေးမှူး) ဖုန်း-၀၉-၅၀၂၈၀၇၉ နှင့် ဒေါ်သန်းသန်းတင်(အမှုဆောင်) ဖုန်း-၅၁၃၁၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Shin Satellite Public Co., Ltd မှ ဒုတိယဥက္ကဋ္ဌ တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Co., Ltd. မှ Vice President, Mr. Makin Petplai နှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Co., Ltd. မှ Vice President, Mr. Makin Petplai နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၁၈-၁၂-၂၀၀၇ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၂:၅၀ ၁။ ၂၀၀၇ ခုနှစ် (၄၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား၊ တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပထမအကြိုဗိုလ်လုပွဲ)
- ၄:၄၀ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၂၀ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၃၀ ၅။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၆။ ညနေခင်းသတင်း
- ၆:၃၀ ၇။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၉။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၁၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေ ချစ်သက်တည်" (အပိုင်း-၇)**
- ၈:၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စေတမန်" (အပိုင်း-၉)**
- ၁၅။ နောက်တစ်နေ့အစီအစဉ်
- ၁၆။ အစီအစဉ်ပြီး၏။

➡ **ကျောဖုံးမှ**

အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ သဘာဝငှက်ဥယျာဉ်တွင်လည်း ရှားပါးငှက်မျိုးများဖြစ်သည့် ခါရစ်၊ ဘီးတောင်ပို၊ ရှိဆဲလားကြက်တူရွေး၊ ကြက်တောကြီးပြာဝါ၊ ပန်းရောင်အမောက်ကတ္တဝါများ ပြသထားရာ ငှက်ဝါသနာရှင်များ စိတ်ဝင်တစား လေ့လာဖွယ်ရာ နေရာတစ်ခုဖြစ်သည်။

အမျိုးသားအထိမ်းအမှတ် ဥယျာဉ်တွင်လည်း ပြည်နယ်နှင့်တိုင်းအလိုက် ဂုဏ်ယူဖွယ်ရာ အထိမ်းအမှတ်များဖြစ်သည့် မြို့တော်ခန်းမ၊ ကျိုက်ထီးရိုးစေတီ၊ ရွှေတိဂုံစေတီ၊ ဖွဲကပင်တောင်၊ တောင်ကွဲစေတီ၊ ကမ္ဘောဇသာဒီနန်းတော်၊ အင်းလေးဖောင်တော်ဦးဘုရား၊ ပင်းတယ၊ ဂုတ်ထိပ်တံတား၊ ခါကာဘိုရာဇီရေခဲတောင်၊ စစ်ကိုင်းကောင်းမှု တော်စေတီ၊ မန္တလေးနန်းမြို့ရိုး၊ သျှစ်သောင်းဘုရား၊ မကွေးတိုင်းရေနံမြေစသည့် အထိမ်းအမှတ်များ၏ ပုံစံတူများကို စိတ်ဝင်စားဖွယ် ပြသထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် တစ်နှစ်မြောက် နှစ်ပတ်လည် အခမ်းအနား၊ အမျိုးသားကန်တော်ကြီးဥယျာဉ် (၇၆) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားနှင့် ဒုတိယအကြိမ်မြောက် ပန်းပွဲတော်နှင့်အဆင့်မြင့် သစ်ခွဥယျာဉ်တို့တွင် လေ့လာသူများဖြင့် စည်ကားနေကြစဉ်။**

ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

# ရန်ကုန်တောင်ပိုင်းခရိုင် ၂၀၀၇ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ဟောပြောပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၇

**ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ၂၀၀၇ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် တွံတေးမြို့နယ်ကန်ဘဲ့ အခြေခံပညာ အထက်တန်းကျောင်းခွဲ ခန်းမဆောင်၌ ကျင်းပသည်။**

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားပြီး တွံတေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်နွဲ့ရီက ရာသက်ပန် အသင်းဝင် အဆိုပြုလွှာ အစောင် ၁၅၀၀ ကို ဒေါ်မာမာဝေထံ ပေးအပ်၍ ဒေါ်မာမာဝေက အသင်းဝင် ၁၀ ဦးတို့အား အရင်းမပျောက်မတည်ငွေ တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ငွေကျပ် တစ်သိန်းကို ပေးအပ်သည်။

ထို့နောက် တွံတေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော့ကျော့ခင်က HIV, AIDS ရောဂါအကြောင်း အသိပညာပေးဟောပြောသည်။

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့်အဖွဲ့သည် အရင်းမပျောက်မတည်ငွေဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော ဖိနပ်ချုပ်လုပ်ငန်း၊ အမွေးတိုင်နှင့် ဝါးရိုးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့် ဒေါ်မာမာဝေနှင့် အဖွဲ့သည် တွံတေးမြို့နယ် မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ ရောက်ရှိကြရာအစည်းအဝေးခန်းမ၌ရိပ်သာကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမြသိန်းက ရိပ်သာ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး

**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တွံတေးမြို့နယ် ၂၀၀၇ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးပညာပေး ဟောပြောပွဲနှင့် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲတွင် အရင်းမပျောက်မတည်ငွေဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ဒေါ်မာမာဝေက အဘိုး ကိုးဦးနှင့် အဘွား ၁၂ ဦးတို့အား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်၍ ရိပ်သာအတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။ ယင်းနောက် ဒေါ်မာမာဝေနှင့်အဖွဲ့သည် နယ်မြေခံတပ်ရင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲသို့ သွားရောက်၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ၊ သားဖွားခန်း၊ မူလတန်းကြိုကျောင်းတို့ကိုလှည့်လည်ကြည့်ရှုအားပေးကြပြီး ဘိုးဘွားများအား ထောက်ပံ့ငွေများကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကံမမြို့နယ် ဖွေးမိကျေးရွာ ကထိန်အလှူနှင့်ဂန္ဓကုဋိကျောင်းပြုပြင်ရန် ငွေလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သိရိဝေလာပရိယတ္တိ စာသင်တိုက် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဝိသုတနှင့် ရဟန်းမယ်တော် ဒေါ်နွယ်နွယ်ရီတို့သည် ၁၃၆၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်တွင် သရက်ခရိုင် ကံမမြို့နယ် ဖွေးမိကျေးရွာ၌ ပြည်လုံးချမ်းသာ ဘုရားကျောင်းဆရာတော်နှင့် ပင့်သံဃာတော် အရှင်မြတ်အပါး ၆၀ အား ကထိန်လျာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြသည်။

ဆက်လက်၍ဖွေးမိကျေးရွာ ရှေးဟောင်းသမိုင်းဝင် ပြည်လုံးချမ်းသာ ဘုရားဂန္ဓကုဋိကျောင်းတော်ကြီးပြုပြင်ရန်အလှူငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (က–ပ)

# လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမဖြစ်ပွားအောင် ကာကွယ်ရေးနှိုးဆော်ချက် ( ၁ )

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ ပေါင်း ၅၀ကျော်တွင် ဖြစ်ပွားလျက်ရှိပါသည်။ ဆောင်းခိုရေပျော်ငှက်များမှ တစ်ဆင့် တစ်ပိုင်တစ်နိုင် မွေးမြူထားသော ကြက်၊ ဘဲ၊ ငှက်များ၊ စီးပွားဖြစ် မွေးမြူထားသော ကြက်၊ ဘဲ၊ ငှက်များသို့ ကူးစက်ပျံ့နှံ့ရုံသာမက ခို၊ ကျီးကန်း၊ စာကလေး၊ ကြက်တူရွေး စသည့်ငှက်များနှင့် ဝက်၊ ကြောင်၊ ကျားစသည့် တိရစ္ဆာန်များသို့ပါ ရောဂါကူးစက် သေဆုံးလျက်ရှိပါသည်။

၂။ ထိုမှတစ်ဆင့် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုကြောင့် နိုင်ငံ ၁၂နိုင်ငံတွင် ရောဂါဖြစ်ပွားခြင်း၊ သေဆုံးခြင်းများ ပေါ်လျက်ရှိပါသည်။ ရောဂါဖြစ်ပွားလျှင်လည်း သေဆုံးမှု(၆၀) ရာခိုင်နှုန်းခန့် ရှိပါသည်။ ရောဂါ ဖြစ်ပွားနေသော ကြက်၊ ဘဲ၊ ငှက်များ၊ ရောဂါဖြစ်ပွားသေဆုံးသော ကြက်၊ ဘဲ၊ ငှက်များနှင့် ၎င်းတို့၏ အသား၊ ဥ၊ မစင်အညစ်အကြေးများနှင့် အခြားငှက်ထွက်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ရာမှ လူသို့ ရောဂါကူးစက်ခံရခြင်းဖြစ်ပါသည်။ ရောဂါကူးစက်သေဆုံးသူများတွင် ကလေးများနှင့် ကျန်းမာသော လူငယ်၊ လူရွယ်အများစုဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု မရှိအောင် ကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာ ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်–

(က) ကြက်၊ ဘဲ၊ ငှက်၊ ဝက်များကို ရောနှောမွေးမြူခြင်းမှ ရှောင်ကြဉ်ရန်၊

( ခ ) မိမိတို့အိမ်အတွင်း(သို့မဟုတ်) အိမ်အောက်တွင် ကြက်၊ ဘဲ၊ ငှက်များ မွေးမြူခြင်းမှ ရှောင်ကြဉ်ရန်၊

( ဂ ) ကြက်၊ ဘဲ၊ ငှက်မွေးမြူသူများသည် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဇီဝလုံခြုံမှုနည်းစနစ်နှင့်အညီ ဆောင်ရွက်ရန်၊

(ဃ) လူအများနေထိုင်ရာနှင့် ကြက်၊ ဘဲ၊ ငှက်မွေးမြူရာနေရာများသို့ တောရိုင်းငှက်များ၊ ခို၊ ကျီးကန်း၊ စာကလေးများ မလာရောက်စေရန်အတွက် ခိုစာကျွေးခြင်း၊ စပါးနှံတွဲချိတ်ခြင်း၊ အစားအစာ ကျွေးခြင်းကို ရှောင်ကြဉ်ရန်၊

( င ) အထူးသဖြင့် ကလေးများကို ကြက်၊ ဘဲ၊ ငှက်များနှင့်ထိတွေ့ ကိုင်တွယ်ခြင်း မပြုလုပ်စေရန်၊

( စ ) ရောဂါပိုးများသည် ရေထဲတွင်ကြာရှည်စွာရှင်သန် နိုင်သဖြင့် ကလေးများအား ရေကန်များ၊ အထူးသဖြင့် ဘဲမွေးကန်များတွင် ရေကူးခြင်း၊ ဆော့ကစား ခြင်း မပြု လုပ်စေရန်၊

(ဆ) ကြက်ငှက်အရှင်၊ အသေ၊ အသား၊ သွေး၊ ဥ၊ အရိ အရွဲနှင့်အမွေး များတွင် ရောဂါပိုးပါရှိနိုင်သဖြင့် ကိုင်တွယ် ဆောင်ရွက်ပြီးလျှင် ပြီးချင်း လက်များကို ဆပ်ပြာနှင့် သန့်ရှင်းသောရေဖြင့် စင်ကြယ်စွာ ပွတ်တိုက်ဆေးကြောရန်၊

( ဇ ) ကြက်၊ ဘဲ၊ ငှက်များ၏ မစင်တွင် ရောဂါပိုးအမြောက်အမြား ပါရှိသောကြောင့် ကြက်၊ ဘဲ၊ ငှက်များ၏ မစင်ကို လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ရန်နှင့်အကာအကွယ်ပစ္စည်း သုံး၍ စနစ်တကျ စွန့်ပစ်ရန်၊

(ဈ) ရောဂါရနေသော(သို့မဟုတ်) သေဆုံးနေသော ကြက်၊ ဘဲ၊ ငှက်များကို တွေ့ရှိပါက ရောဂါမကူးစက် စေရန် လက်အိတ် စွပ်ခြင်း၊ နှာခေါင်းစည်း တပ်ခြင်း၊ ရင်ကာခါးစည်း(Apron) ဝတ်ဆင်ခြင်းအစရှိသောအကာအကွယ်ပစ္စည်းများ အသုံးပြုပြီးမှသာ ကိုင်တွယ်ခြင်း၊ မြှုပ်နှံခြင်း၊ ဖျက်ဆီးခြင်း၊ သက်ဆိုင်ရာသို့ ပေးပို့ခြင်းပြုလုပ်ရန်၊

(ည) ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားရာဒေသတွင် နေထိုင်သူများ သည် ကြက်ခြံများ၊ ကြက်ဘဲဒိုင်များ၊ ကြက်ငှက်သတ် သောနေရာ များသို့ သွားရောက်ခြင်းမပြုရန်၊

(ဋ) ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားရာဒေသတွင် နေထိုင်သူများနှင့် အဆိုပါဒေသသို့ သွားရောက်ခဲ့သူများ၌ နှာစေး၊ ချောင်းဆိုး၊ ဖျားနာ၊ တုပ်ကွေးရောဂါကဲ့သို့သော လက္ခဏာများပေါ်ပေါက် လာလျှင် နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ကုသမှုခံယူရန်၊

**လက်ကိုသန့်ရှင်းအောင်ဆေးကြောခြင်းသည် ကူးစက်ရောဂါများ မဖြစ်ပွားအောင် ကာကွယ်ခြင်းဖြစ်သည်။**

**ကျန်းမာရေးဝန်ကြီးဌာန**

**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ရှမ်းပြည်နယ် ကလောမြို့နေ နှစ်ဖက်မိဘများ အမှူးထား၍ ဗိုလ်မှူးကြီးသက်ဝေ–ဒေါ်မေသက်ထားအောင် မိသားစုက အလှူငွေကျပ် ၈၀၀၀၀၀ ခန့် တန်ဖိုးရှိ ခရမ်းဆွဲကျောက်တွင် စိန်ကွပ်ထားသော ရွှေလက်စွပ် တစ်ကွင်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များ လက်ခံစဉ်။** (က–ပ)

**ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ အာဇီဝကျောင်းလမ်း၌ တည်ဆောက်မည့် ဓမ္မမာမက စာကြည့်တိုက်အတွက် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့နေ ဒါယကာကြီး ကင်မ်ပြောင်ကျွန်–ဒါယိကာမကြီး တကွမ်ဟွာ မိသားစုတို့က အလှူငွေကျပ် သိန်း ၃၆၀ နှင့် ဆရာတော် နဝကမ္မအတွက် ငွေကျပ်သိန်း ၉၀ ကို ဓမ္မမာမက သာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒက ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ အကျိုးတော်ဆောင်အဖွဲ့ဝင် ဒေါ်ခင်ဝင်းဝင်း လက်ခံရယူစဉ်။** (က–ပ)

**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ (ရွှေသိင်္ဂီရတနာ ဓမ္မာရုံ၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ အနောက်ရန်ကင်းနေ ဦးမောင်ခင်အား ရည်စူး၍ ဇနီးဒေါ်ခင်အေးသိန်း သား၊သမီး၊မြေးတစ်စုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။** (က–ပ)

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ထီးတော်သစ်တင်လှူ ပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ဘုံကိုးဆင့်ပါ Stainless Steel သံမဏိရွှေရောင် ထီးတော်သစ်ကြီးနှင့်စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ပန်းလည်တိုင် အသစ်များကို (၁၃၆၉ ခုနှစ် ပြာသိုလပြည့်နေ့) ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၂ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ကပ်လှူပူဇော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လှည်းကူးမြို့ ဥယျာဉ်ကျောင်းတိုက် တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်း လှည်းကူးမြို့ အောင်မင်္ဂလာရပ်ကွက် ဥယျာဉ်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲ(၂၂၇)၏ (၆၁)ကြိမ်မြောက် ခုနစ်ရက်တရား စခန်းပွဲကို ဒီဇင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဥယျာဉ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ စန္ဒိမာက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ပဋိစ္စသမုပ္ပာဒ် တရားတော်များကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ ဒီဇင်ဘာ ၂၃ ရက် ညနေ ၅ နာရီ အရောက် လာရောက်ကြပါရန်နှင့် အလှူဒါန ပြုလိုသူများဖုန်း–၆၂၉၅၁၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

ဒီဇင်ဘာ ၁၅ ရက်က ကျင်းပသည့် ၁၃၆၉ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကန်တော့ခံ သက်ကြီး စာပေပညာရှင်များအား အလှူငွေနှင့်ကန်တော့ခံပစ္စည်းများ ဂါရဝပြုပေးအပ်စဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

# နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သက်ငယ်တန်း တံခွန်စိုက်ရေကူးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် T. T. O Trading Co., Ltd. တို့ ပူးပေါင်း၍ ပထမအကြိမ် Denk Pharma Cup သက်ငယ်တန်း တံခွန်စိုက်ရေကူးပြိုင်ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၁၂အောက်၊ ၁၀ နှစ်အောက်၊ ရှစ်နှစ်အောက် တစ်ဦးချင်းနှင့် အသင်းလိုက် သက်ငယ်တန်းရေကူးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ဆုကြေးများအဖြစ် အသင်းလိုက်ပထမဆု ကျပ်သုံးသိန်းနှင့် ဆုဖလား၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်း၊ အကောင်းဆုံးအားကစားသမားဆု ကျပ်ငါးသောင်းအပါအဝင် အခြားဆုပေါင်းများစွာကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဟု သိရသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် အသက် ၁၂ နှစ်အောက်အတန်း၌ ၁၉၉၆ခုနှစ် ဇန်နဝါရီ ၅ ရက်နောက်ပိုင်း မွေးဖွားသူများ၊ ၁၀ နှစ်အောက်အတန်းတွင် ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၅ ရက်နောက်ပိုင်း မွေးဖွားသူများ ရှစ်နှစ်အောက်အတန်းတွင် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၅ ရက်နောက်ပိုင်း မွေးဖွားသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်ဟု သိရသည်။ ထို့ပြင် အသက်မှန်ကန်မှုရှိစေရန်အတွက် စာရင်းပေးသွင်းရာတွင် မွေးစာရင်း (မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ သန်းခေါင်စာရင်း (မူရင်း)၊ ကျောင်းဝင်အမှတ်၊ ကျောင်းတံဆိပ်မူရင်း၊ ကျောင်း Letter Head နှင့် ကျောင်းအုပ်ကြီးလက်မှတ် မူရင်းပါသော ကျောင်းထောက်ခံစာတို့ကို ယူဆောင်လာရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် အတန်းတစ်တန်းတွင် ပြိုင်ပွဲလေးမျိုးယှဉ်ပြိုင်နိုင်ပြီး တစ်ဦးတည်း အတန်းနှစ်တန်း၌ ပါဝင်ခွင့်မပြုပေ။ အတန်းတစ်တန်းစီတွင် ပါဝင်ယှဉ်ပြိုင်မည့် အသင်းတစ်သင်းစီ၌ အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦး၊ အားကစားသမားရှစ်ဦး စုစုပေါင်း ၁၀ ဦးဖြင့် ဖွဲ့စည်းနိုင်သည်။ ပြိုင်ပွဲတစ်ပွဲလျှင် အသင်းတစ်သင်းမှ နှစ်ဦးသာပါဝင်ခွင့်ရှိပြီး ပွဲစဉ်တစ်ပွဲလျှင် ကိုးဦးထက်ပို၍ ယှဉ်ပြိုင်ပါက အုပ်စုခွဲ၍ စံချိန်အကောင်းဆုံးသုံးဦးအား ပထမ၊ ဒုတိယ၊ တတိယသတ်မှတ်ပေးမည်ဟု သိရသည်။

ပြိုင်ပွဲဝင်လိုသူများသည် ဒီဇင်ဘာ ၂၇ ရက် ညနေ ၅ နာရီခွဲနောက်ဆုံးထား၍ ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်တွင် အဖွဲ့ချုပ် လေ့ကျင့်ချိန် နံနက်ပိုင်း ၆ နာရီခွဲမှ ၈ နာရီခွဲအထိနှင့် ညနေပိုင်း ၃ နာရီခွဲမှ ၅ နာရီခွဲ အထိ (သောကြာနေ့)မှအပ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဦးရဲအောင်နှင့် ဦးသန်းကြိုင်တို့ထံ စာရင်းပေးသွင်းနိုင်သည်။ ထို့အပြင် ကျိုက္ကဆံကွင်း အမှတ် (၅)ဂိတ်ရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ရုံးခန်းတွင်လည်း နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်း လာရောက် စာရင်းပေးသွင်းနိုင်သည်။ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး ဖုန်း- ၅၅၇၄၃၂၊ ၀၉၅၁၃၄၃၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင် လူငယ်လူရွယ်များ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်၍ နိုင်ငံကျော်ဟာသသရုပ်ဆောင်များဖြစ်သည့် အရိုင်းနှင့်ငှက်ပျောကြော်တို့ အပါအဝင် အနုပညာရှင်များက အစီအစဉ်တင်ဆက်သူများအဖြစ် ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော်ရှိ ဘော်လီဘောအားကစား ပြိုင်ကွင်းများ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများကို နံနက်ပိုင်းတွင် ကျင်းပရာ နေပြည်တော် ဘော်လီဘောအားကစားကွင်း၌ (ကက) အုပ်စုမှ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း၊ နေပြည်တော် ဘော်လီဘော အားကစားကွင်း၌ (ဂဂ)အုပ်စုမှ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

အလားတူ ညနေပိုင်းတွင် နေပြည်တော် ဘော်လီဘောအားကစားပြိုင်ကွင်း၌ (ခခ)အုပ်စုမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက သစ်တောရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ (ဃဃ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင်လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဒီဇင်ဘာ ၂၃ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

# တောင်ငူ ဂျီတီအိုင် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

တောင်ငူ ဂျီတီအိုင် ကျောင်းသား၊ ကျောင်းသူများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီထိ မရမ်းကုန်းမြို့နယ် (၈)မိုင်လမ်းဆုံရှိ ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသူများသည် ကိုမောင်မောင်ကျော် ဖုန်း-၀၉၅-၃၅၀၇၅၆၊ ကိုလှမြင့် ဖုန်း၀၉၅-၁၀၂၉၀၆၊ ကိုအေးကို ဖုန်း-၀၉၅-၁၃၀၆၁၅၊ ကိုမြင့်နိုင် ဖုန်း-၀၉၅-၁၁၄၂၆၂၊ ကိုနေမျိုး ဖုန်း-၀၉၅-၀၀၆၃၁၄၊ ကိုထွန်းမြင့် ဖုန်း-၀၆၇-၄၁၄၂၁၀၊ ကိုအောင်ကျော်နိုင် ဖုန်း-၀၉၅-၁၉၅၁၉၄၊ မအေးအေးသိန်း ဖုန်း-၀၉၅-၁၃၈၁၈၇၊ ကိုနေမိုးကျော် ဖုန်း-၀၉၅-၀၂၅၁၃၈တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# သနပ်ပင် အထက (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ပဲခူးတိုင်း သနပ်ပင်မြို့နယ် အထက၏ (၁၆)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သနပ်ပင်မြို့ အထက ကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးဖုန်းမြင့်နိုင် ဖုန်း-၀၁-၅၄၁၈၁၈၊ ဦးဝင်းကြည် ဖုန်း-၀၁-၆၈၀၉၈၈၊ ၀၉၈၀၂၄၄၈၀၊ ဒေါ်ရီရီလှ ဖုန်း-၀၁-၂၉၇၄၁၃၊ ဦးရဲဝင်းနိုင် ဖုန်း-၀၉၈၀၂၀၄၀၅၀၊ ၀၉၅၀၃၂၉၈၂၊ ဦးကျော်ညွန့် ဖုန်း-၀၅၂၄၆၁၇၁၊ ဦးကျော်စိုးမင်း ဖုန်း-၀၅၂၄၆၀၆၂၊ ဒေါ်ဝင်းသိန်း ဖုန်း-၀၅၂၄၆၁၃၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# ဆောင်းကေရီ ကာယအလှမယ်နှင့် မောင်ဒင်္ဂါး-မယ်ဒင်္ဂါး ရွေးပွဲကျင်းပ

မယ်ဒင်္ဂါး အငယ်တန်းပထမရရှိသူ စန်းစန်းဝင်း (ပုဇွန်တောင်မြို့နယ်) အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်း ကာယဗလနှင့် ကာယအလှဆပ်ကော်မတီနှင့် ရှိုင်းဟုတ်ကုမ္ပဏီတို့ ပူးတွဲ၍ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုအဖြစ် ရန်ကုန်တိုင်း ဆောင်းဧကရီ ကာယအလှမယ်နှင့် မောင်ဒင်္ဂါး၊ မယ်ဒင်္ဂါး ရွေးပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံခန်းမတွင် ကျင်းပရာ မောင်ဒင်္ဂါးအဖြစ် ပထမ ညီညီဇော်(လှိုင်မြို့နယ်)၊ ဒုတိယဆုကို ဗဟန်းမြို့နယ်မှ သန်းလှိုင်နှင့် တတိယဆုကို တောင်ဥက္ကလာပမြို့နယ်မှ ခင်ဦးတို့က ရရှိကြသည်။

**ဆောင်းဧကရီကာယအလှမယ်**

ဆောင်းဧကရီ ကာယအလှမယ် အငယ်တန်းတွင် ပုဇွန်တောင်မြို့နယ်မှ အေးကုဋေကျော်နှင့် အကြီးတန်းတွင် ဗိုလ်တထောင်မြို့နယ်မှ အေးထွဋ်သိမ့်တို့ကရရှိပြီး မယ်ဒင်္ဂါး အငယ်တန်း ပထမဆုကို ပုဇွန်တောင်မြို့နယ်မှ စန်းစန်းဝင်းနှင့် အကြီးတန်း ပထမဆုကို ဗိုလ်တထောင်မြို့နယ်မှ ငြိမ်းအေးယဉ်တို့က ရရှိကြသည်။

အတိုးတက်ဆုံး ကာယအလှမယ်ဆုကို လှိုင်မြို့နယ်မှ မေစန္ဒာက ရရှိပြီး (၁၀)နှစ်ကာလ ပြိုင်ပွဲတစ်လျှောက်တွင် ပထမကိုးဆု အပါအဝင် ဆုပေါင်း ၃၃ ဆုရရှိခဲ့သော ဇင်မာ (မြောက်ဒဂုံ)ကို ဂုဏ်ထူးဆောင် ကာယအလှမယ်ဆုချီးမြှင့်လိုက်သည်။ (ကြေးမုံ)

ဇင်မာ (မြောက်ဒဂုံ) အား ဂုဏ်ထူးဆောင်ကာယအလှမယ်ဆုချီးမြှင့်ပြီး ဆုနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၁၂-၂၀၀၇ (အင်္ဂါနေ့)**

**AM & PM**

| | |
|---|---|
| ၇:၀၀-၁:၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅-၁:၀၅ | အလုပ်ပေးတရားတော်များ(ပထမပိုင်း) (ဆရာတော်အရှင်ပုညာနန္ဒ) |
| ၈:၀၀-၂:၀၀ | အထူးအမှန်ကောင်းမည့်ရေလှောင်တမံ "ဖြူးချောင်း" |
| ၈:၂၀-၂:၂၀ | တေးဂီတအစီအစဉ် |
| ၈:၂၅-၂:၂၅ | Sunday Talk |
| ၉:၁၅-၃:၁၅ | တေးဂီတအစီအစဉ် |
| ၉:၂၀-၃:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၃၀-၂:၃၀ | တေးဂီတအစီအစဉ် |
| ၉:၃၅-၃:၃၅ | ပြင်ဦးလွင်မှရောင်စုံပန်းကလေးများရဲ့ မြတ်ကထိန်ဒါန |
| ၉:၄၅-၃:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၅၀-၃:၅၀ | တေးဂီတအစီအစဉ် |
| ၉:၅၅-၃:၅၅ | Biz Net |
| ၁၀:၁၀-၄:၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၁၅-၄:၁၅ | သဘာဝအစားအစာများ"ရှားစောင်းလက်ပပ်ယိုနှင့်ဖျော်ရည်" |
| ၁၀:၅၀-၄:၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၀၀-၅:၀၀ | မန္တလေးမအလင်း |
| ၁၁:၂၀-၅:၂၀ | တေးဂီတအစီအစဉ် |
| ၁၁:၂၅-၅:၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၃၅-၅:၃၅ | လုံးလုံးလုံး (ဖိုးညဏ်၊ မေကဗျာ၊ ဖြိုးသီရိခေတ်) (ဒါရိုက်တာ-မလိခစိုးထိုက်အောင်) |
| ၁၁:၄၀-၅:၄၀ | လန်းဆန်းတက်ကြွကလေးဘဝ ကလေးသရုပ်ဆောင် "ဟဲဗီးဖြိုး" နှင့် တွေ့ဆုံခြင်း |
| ၁၂:၀၅-၆:၀၅ | တေးဂီတအစီအစဉ် |
| ၁၂:၁၀-၆:၁၀ | စွမ်းနိုင်ရာအား၊ ဖေးကာကူမ၊ ကရုဏာဖြင့် စောင့်ရှောက်ကြ၏ |
| ၁၂:၃၅-၆:၃၅ | Music Gallery (ဆောင်းအမှတ်တရတေးများ) |
| ၁:၀၀-၇:၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**အမည်ပြောင်းခြင်း**

နေပြည်တော် ပျဉ်းမနား အလက (၁) ကန်နား ဆဋ္ဌမတန်း(D)မှ အဖ အမည် ဦးအောင်ကျော်မြင့်၏ သား မောင်ကျော်ကိုကိုအား မောင်ကျော်ကိုကိုကျော်ဟု ဖြည့်စွက်ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ကိုကိုကျော်**


# ကံထူးခမ္မရိပ်သာ တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ပဲခူးမြို့ ဥဿာမြို့သစ် ရာဇာဓိရာဇ်လမ်း ကံထူးခမ္မရိပ်သာကျောင်းတိုက်၌ ၁၃၆၉ ခုနတ်တော်လပြည့်ကျော် ၄ ရက် (ဒီဇင်ဘာ ၂၈ ရက်) မှ နတ်တော်လကွယ်နေ့ (၂၀၀၈ ခုနှစ် ဇန်နဝါရီ ၇ ရက်) အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ကျောင်းတိုက်၏ ပဓာန နာယက ဆရာတော် ဦးဝါယမ (မဟာဂန္ဓဝါစကပဏ္ဍိတနိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်)၊ ဆရာတော် ဦးပညာဒီပ၊ ဆရာတော် ဦးဓမ္မာနန္ဒ နယ်လှည့် ဓမ္မကထိက ဆရာတော်များက ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်တရားတော်များ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် နတ်တော်လပြည့်ကျော် ၄ ရက် (ဒီဇင်ဘာ ၂၈ ရက်) ညနေ ၄ နာရီအရောက် လာရောက်ကြရန်နှင့် ကံထူးခမ္မရိပ်သာ ဖုန်း–၀၅၂–၂၃၀၁၂ သို့ ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။(က–ပ)


## ဖိတ်ကြားအပ်ပါသည်

လေးကျွန်းဇမ္ဗူ အောင်တော်မူစေတီတော် ဗုဒ္ဓပူဇနီယပွဲနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကျေးဇူးရှင် ချောင်းဝ ဆရာတော်၏ သက်တော်(၉၀)နှစ်၊ ဝါတော်(၇၀)ဝါပြည့် ဝိဇာတ (မွေးနေ့) ပူဇော်ပွဲကို ၁၃၆၉ ခုနှစ် နတ်တော်လပြည့်နေ့ ၂၄–၁၂–၂၀၀၇ (တနင်္လာနေ့)တွင် အကျွေးအမွေးများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးနေ တပည့် ဒါယကာ–ဒါယိကာမများအား ပူဇော်ကန်တော့ကြည်ညိုနိုင်ရန်အတွက် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ချောင်းဝ အမျိုးသားဓမ္မာနုဂ္ဂဟအဖွဲ့**
**နှင့်**
**အမျိုးသမီးယောဂီများအဖွဲ့**

## ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ၆၃(က) ကျိုက်ဝိုင်းဘုရားလမ်းနှင့် Perth, Australiaနေ ဦးကျော်ချစ်လှိုင်(လှိုင်မေတ္တာကုမ္ပဏီလီမိတက်) – ဒေါ်သူဇာလှိုင်တို့၏ သားငယ်
မောင်ကျော်ဘိုဘိုလှိုင်
Bachelor of International Business (Murdoch University)
(Import Operation, ESS Shipping Pty Ltd. Australia)
နှင့်
ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်။ ၁၂ မြဝတ်ရည်လမ်း၊ ပါရမီရိပ်သာနေ
Captain ဦးမျိုးလွင် (Uniteam Marine Ltd)– ဒေါ်ခင်စောသိန်းတို့၏ သမီးကြီး
မအိမျိုးလွင်
B.A English YUFL, ACCA Part 3.
တို့သည် ၁၅–၁၂–၂၀၀၇ ရက်နေ့တွင် နှစ်ဖက်သော မိဘများ၏ သဘောတူခွင့်ပြုချက်အရ Mr.Rod. H.Carter ( Marriage Celebrant, Peth,Australia) ၏ ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဘိုဘိုလှိုင် – မအိမျိုးလွင်

## မောင်ဘုန်းပြည့်ကျော် Pre - (I.L.B.C)

**မွေးနေ့မင်္ဂလာဆုတောင်း**

18.12.2007 တွင် ကျရောက်သော ၄ နှစ်ပြည့် မွေးနေ့မှသည် ဘဝဆက်တိုင်း၊ သာသနာပြုနိုင်သော သားကောင်းရတနာဖြစ်ပြီး ကောင်းမှုမြတ်နိုး၊ ကောင်းအောင် ကျိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း . . . .

| | | |
|---|---|---|
| ဘွားဘွား | – | ဒေါ်မေရီ (ဆရာမကြီး – ငြိမ်း) |
| ဖေဖေ | – | ဆရာကြီး အရပ်ဆရာအောင် |
| | | (အကြားအမြင်ဂမ္ဘီရပညာပါရမီရှင်) |
| မေမေ | – | ဒေါ်နှင်းရည်ကျော် နှင့် ကမ္ဘာလုံးမြို မိသားစု |

## မွေးနေ့ဆုမွန်

**ဖေဖေ ဗိုလ်ကြီးသက်ထွန်းဦး**နှင့် **မေမေ ဒေါက်တာအေးမြသန္တာ**တို့၏ သမီးလေး၊ သားသား မောင်ဟိန်းထက်အောင်၏ ညီမလေး ကြယ်စင်မြင့်မိုရ်၏ ၁၈–၁၂–၂၀၀၇ ရက်နေ့တွင် ကျရောက်သော တစ်နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ဘဝခရီးလမ်းကို ဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ပါစေ။ တိုင်းပြည်အကျိုး၊ သာသနာအကျိုး၊ မိသားစုအကျိုးကို သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

| | | |
|---|---|---|
| **ချစ်ဘိုးဘိုး** | – | **ဒုဗိုလ်မှူးကြီးမောင်မောင်စိန်(ငြိမ်း)** |
| **ချစ်ဘွားဘွား** | – | **ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြသိန်း** |
| | | **(အထက–၄၊ ဗိုလ်တထောင်)** |
| **ချစ်ဘိုးဘိုး** | – | **ဦးငွေသိန်း** |
| **ချစ်ဘွားဘွား** | – | **ဒေါ်သီသီအေး** |

ရှောင်လေဝေးဝေး မူးယစ်ဆေး

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

အလင်္ကာကျော်စွာ(ရွှေမန်းဦးတင်မောင်–ဒေါ်သိန်းညွန့်)၊ (ဦးခင်မောင်)–ဒေါ်အုန်းတင်တို့၏ မြေး၊
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်လမ်း၊ အမှတ်(၂၃–အေ)နေ
ဦးဝင်းဗိုလ် (သစ္စာမေတ္တာ ရွှေမန်းသဘင်)–ဒေါ်ခင်သန်းမြင့်တို့၏ သားကြီး
**ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ကျော်ကျော်ဗိုလ်(ခ)ကြွ** Second Year (Chemistry)
Managing Director (Shwe Kyant Min Trading Co., Ltd.)
နှင့်
ဟင်္သာတမြို့၊ စစ်ကဲလမ်း၊ အမှတ်(၃၂)နေ (ဦးမောင်ကို)–ဒေါ်ကြင်ရွှေ(ရွှေမိပွဲရုံ)တို့၏ သမီးထွေး၊
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဦးဖိုးမှန်လမ်း၊ အမှတ်(၃၆–အေ)နေ
ဦးအောင်သူ (Director TSY Co., Ltd.)–ဒေါ်အေးအေးမာ (Director, Shwe Kyant Min Trading Co., Ltd.) ရွှေကြံ့မင်းဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးတို့၏ ညီမ
**ယဉ်ယဉ်မင်း(ခ)ဓာဓာ** (B.M. Business Management)
Director (Shwe Kyant Min Trading Co., Ltd.)

တို့၏ ၇–၁၂–၂၀၀၇ ရက်တွင် Sedona Hotel မင်းတုန်းခန်းမ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီး ဦးသက်ထွန်းနှင့် ဇနီး အကယ်ဒမီဒေါ်တင်တင်နွဲ့၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးသော အကယ်ဒမီဦးညွန့်ဝင်းနှင့် ဇနီး ဒေါ်ခင်မကြီး၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ ကြွရောက်ချီးမြှင့်ကြသော စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတမှ ဂုဏ်သရေရှိပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ Sedona Hotelမှ ဝန်ထမ်းများအားလည်းကောင်း၊ ၈–၁၂–၂၀၀၇ (မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ) မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် ကြွရောက်ချီးမြှင့်ကြသော စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတမှ ဂုဏ်သရေရှိပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာမှ တာဝန်ရှိသူများအားလည်းကောင်း၊ ၁၅–၁၂–၂၀၀၇ Sedona Hotel, Grand Ballroom ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ဦးသန်းထွဋ်နှင့် ဇနီး အကယ်ဒမီဒေါ်ဝါဝါဝင်းရွှေ၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော အကယ်ဒမီဦးညွန့်ဝင်းနှင့် ဇနီး ဒေါ်ခင်မကြီးတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးကြသော အကယ်ဒမီရန်အောင်နှင့် တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာပန်းကြဲပေးသော သက်ရွှေရည်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ချစ်စနိုးဦး၊ စိုးပြည့်သဇင်တို့အားလည်းကောင်း၊ သတို့သားအရံများအဖြစ်ဆောင်ရွက်ပေးသော ရဝေအောင်၊ ထွန်းထွန်း၊ မိုးအောင်ရင်၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးသော ချောရတနာ၊ သဇင်၊ ဝိုင်းစုခိုင်သိန်းတို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ညှော်ခံတင်ဆက်ပေးကြသော စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသော စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတမှ ဂုဏ်သရေရှိပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ Sedona Hotelမှ ဝန်ထမ်းများအားလည်းကောင်း၊ ၁၅–၁၂–၂၀၀၇(မျှော်စင်ကျွန်း) မင်္ဂလာညစာစားပွဲတွင် မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးကြသော The Trees တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဒေါ်မြရတနာမိုး၊ မီးအလှဆင်ပေးသော Ever Light မှ တာဝန်ရှိသူများ၊ မင်္ဂလာပွဲတွင် အစားအသောက်များ တည်ခင်းညှော်ခံပေးသော Excel Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြသော စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတမှ ဂုဏ်သရေရှိပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်နီးရပ်ဝေးမှ ပရိသတ်များ၊ မျှော်စင်ကျွန်းမှ မန်နေဂျာ မဓာဓာနှင့် ဝန်ထမ်းများ၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၊ မင်္ဂလာဦးဆွမ်းကျွေးပွဲ၊ မင်္ဂလာညှော်ခံပွဲ၊ မင်္ဂလာညစာစားပွဲ အစအဆုံး မေတ္တာဖြင့် စိန်ထည် လက်ဝတ်ရတနာများဆင်မြန်းပေးသော Win & San စိန်တိုက်မှ ကိုဝင်းနိုင်–မစမ်းစမ်း၊ မေတ္တာဖြင့် ဝတ်စုံဒီဇိုင်း ဆင်ယင်ပေးသော မမဋ္ဌူ၊ မယုံယုံ၊ မေတ္တာဖြင့် မိတ်ကပ်အလှခြယ်မှုန်းပေးသော မိတ်ကပ်စိုးစိုး၊ ပန်းအလှပြင်ဆင်ပေးသော မလေးရှားသန်းမြင့်၊ Video ဓာတ်ပုံ ရိုက်ကူးပေးသော ဝဏ္ဏခွာနီး၊ မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများနှင့်တကွ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ **နှစ်ဖက်မိဘများနှင့်**
**မောင်ကျော်ကျော်ဗိုလ်–မယဉ်ယဉ်မင်း**


# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် လူသတ်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် တပင်ရွှေထီးလမ်း၌ ဒီဇင်ဘာ ၁၆ ရက် ည ၇ နာရီခန့်က ကျော်ငြိမ်းဦးက မျိုးအေး၏စက်ဘီးကို ကျပ် ၃၀၀၀ ဖြင့် ယူဆောင်ပေါင်နှံထားသည့် ကိစ္စနှင့်ပတ်သက်၍ စကားများပြီး ကျော်ငြိမ်းဦးက မျိုးအေးကို လက်သီးဖြင့်ထိုးကြိတ်ခဲ့သည်။ ထို့အပြင် အနီးရှိ မျိုးထိပ်တန်းအရက်ဆိုင်ထဲမှ ကျော်ငြိမ်းဦး၏သူငယ်ချင်းများက ပါဝင်ရောက် ထိုးကြိတ်သဖြင့် မျိုးအေးကထွက်ပြေးပြီး ရဲကင်းသို့သွားရောက်တိုင်ကြားသည်။

ထိုအချိန်တွင် မျိုးအေး၏ညီဝမ်းကွဲတော်စပ်သူ စိုးသူရ (၂၃)နှစ်၊ ၇–ရပ်ကွက်၊ ဖျာပုံလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေသူနှင့် ကျော်ကျော်အောင်(ခ)ကျော်လင်းထွန်း(၂၄)နှစ် ဖျာပုံလမ်း ၇–ရပ်ကွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေသူတို့မှာ ဘောလုံးပွဲကြည့်ရန်ထွက်လာရာ ကျော်ငြိမ်းဦးတို့လူစုက ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်သဖြင့် ကျော်ကျော်အောင်(ခ)ကျော်လင်းထွန်းမှာ ယာဘက်လက်မောင်းထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာဘက်လက်ပြင်ထိုးသွင်းဒဏ်ရာတစ်ချက်တို့ဖြင့် နေရာတွင်သေဆုံးသွားခဲ့ပြီး စိုးသူရမှာ ဝဲဘက်လက်မောင်းထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်ရင်အုပ်ထိုးသွင်းဒဏ်ရာတစ်ချက်တို့ရရှိကာ မြောက်ဥက္ကလာပဆေးရုံသို့အတွင်းလူနာအဖြစ် တင်ပို့ထားခဲ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရဲစခန်းမှ(ပ)သတင်းချက် အမှတ် ၃၇၆/၂၀၀၇၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ဖြင့် အမှုဖွင့်ကာ တရားခံများ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (သတင်းစဉ်)

# သုဝဏ္ဏအားကစားကွင်းအနီး၌ ရပ်တန့်ထားသည့် မော်တော်ယာဉ်ပေါ်မှ ရွှေထည်နှင့်ငွေသားများခိုးယူခံရ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားကွင်း ကားပါကင်တွင် ဒီဇင်ဘာ ၁၆ ရက် နံနက် ၆ နာရီခန့်က လူထုလမ်းလျှောက်ပွဲသို့ လာရောက်သည့် ဦးဇော်ဌေး(၃၇)နှစ်၊ အနော်မာ၊ အနောက် (၂)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်သည် ၎င်းပိုင် SURF အမျိုးအစားယာဉ်ကို ရပ်တန့်ပြီး Remote ဖြင့် သော့ပိတ်ထားခဲ့ကြောင်း၊ လမ်းလျှောက်ပွဲပြီး၍ ယာဉ်အတွင်းရှိပစ္စည်းများကို စစ်ဆေးကြည့်ရာ ကားရှေ့ခန်းအံဆွဲအတွင်း ထည့်ထားသော အလေးချိန် သုံးကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး တန်ဖိုး ၁၃၅၀၀၀၀၊ ငွေသားကျပ် ၅၀၀၀၀၀၊ စုစုပေါင်းကျပ် ၁၈၅၀၀၀၀ နှင့် စာရွက်စာတမ်းများ ပျောက်ဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးဇော်ဌေး၏ တိုင်ကြားချက်အရ သင်္ဃန်းကျွန်း ရဲစခန်းက (ပ)သတင်းချက်အမှတ် ၇၇၈/၂၀၀၇၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ (သတင်းစဉ်)

# ၂၀၀၇ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတစ်ဝန်းတွင် မီးလောင်မှုဖြစ်ပွားသည့် အခြေအနေ

ရန်ကုန် ဒီဇင်ဘာ ၁၇

**၂၀၀၇ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတစ်ဝန်းတွင် မီးလောင်မှု ၆၉ ကြိမ်ဖြစ်ပွားခဲ့သည်။ မီးဖိုမီး၊ ပေါ့ဆမီး ၅၄ ကြိမ်၊ အလိုအလျောက်မီး နှစ်ကြိမ်၊ လျှပ်စစ်မီး ၁၀ ကြိမ်၊ မသမာသူ ရှို့မီးနှစ်ကြိမ်၊ တောမီး တစ်ကြိမ်ပါဝင်သည်။**

၂၀၀၇ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတစ်ဝန်းတွင် အိမ်ခြေ အဆောက်အအုံ ၁၅၃ လုံး၊ စက်ရုံ၊ အလုပ်ရုံငါးရုံ မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၆၀၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူသုံးဦးသေ၊ လေးဦးဒဏ်ရာရခဲ့သည်။

ဖြစ်ပွားခဲ့သော မီးလောင်မှု ၆၉ ကြိမ်တွင် မီးဖိုမီးအပါအဝင် ပေါ့ဆမီး ၅၄ ကြိမ်ပါဝင်သဖြင့် မီးကိုမဆင်မခြင်သုံးစွဲမှုကြောင့်ဖြစ်ပွားခဲ့သော မီးလောင်မှုများသည်မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၇၈ ဒသမ ၂၆ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရပြီး မီးလောင်မှုအကြိမ်များကို ပြည်နယ်၊ တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် ရန်ကုန်တိုင်း၌ အများဆုံး၊ မန္တလေးတိုင်း၌ ဒုတိယအများဆုံး၊ ပဲခူးတိုင်း၌ တတိယ အများဆုံးဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

၂၀၀၇ ခုနှစ် နိုဝင်ဘာလအတွင်း ရန်ကုန်တိုင်း၌ မီးလောင်မှု အကြိမ်အများဆုံးဖြစ်ပွားခဲ့ရာ ဖြစ်ပွားခဲ့သည့် မီးလောင်မှု ၂၆ ကြိမ်အနက် အကြိမ် ၂၀ မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသောမီးများဖြစ်သည်။

၂၀၀၇ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် ကျေးရွာမီးလောင်မှု ၂၄ ကြိမ် ဖြစ်ပွားခဲ့သည်။

မီးသတ်ဦးစီးဌာန အနေဖြင့် မီးလောင်မှုအကြိမ် လျော့နည်းရန်နှင့် ဆုံးရှုံးမှုတန်ဖိုး လျော့နည်းစေရန်အတွက် မီးဘေးလုံခြုံရေး စီမံချက်များ ရေးဆွဲပြီး စီမံချက်ပါ ပစ်မှတ်စနစ်ဖြင့် မီးငြိမ်းသတ်ရေး လေ့ကျင့်ခန်းများ စဉ်ဆက်မပြတ် လေ့ကျင့်ခြင်း၊ ပြည်နယ်၊ တိုင်း၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူးများမှ မိမိတို့ တာဝန်ယူရသော နယ်မြေဒေသအလိုက် အရှိန်အဟုန်မပျက်၊ မီးသတိမူရေးဆောင်ရွက်ကြရန်၊ ရပ်ကွက်၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံ၊ ပြည်သူပိုင်အဆောက်အအုံ၊ ပြည်သူ့ဆေးရုံ၊ ဈေးကြီးများ၊ တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၊ သာသနိကအဆောက်အအုံများ၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာနေရာများ၊ ပြတိုက်များအား စစ်ဆေးအကြံပြုခြင်း၊ မီးသတ်ပစ္စည်းကိရိယာများ ကြံ့ခိုင်အသင့်ရှိရေးနှင့် ဓာတ်တိုက် လေ့ကျင့်မှုများ ပြုလုပ်ထားရှိပြီး ပွင့်လင်းခြောက်သွေ့သော ရာသီကာလတွင် မီးဘေးလုံခြုံရေး စီမံချက်ပါလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်(လေ) လေယာဉ်တစ်စင်း စက်ချို့ယွင်း၍ပျက်ကျ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

တပ်မတော် (လေ)မှ လေယာဉ်တစ်စင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် လေ့ကျင့်ပျံသန်းရန်အတွက် မန္တလေး အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းမှ ပျံတက်စဉ် လေယာဉ်စက်ချို့ယွင်းမှုကြောင့်ပျက်ကျခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အထူးအယူခံခုံရုံး ပြစ်မှုဆိုင်ရာ အထူးအယူခံမှုခြောက်မှုကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

တရားရုံးချုပ်(နေပြည်တော်) ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ် (မန္တလေး) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးကျော်ဝင်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၁၁ နာရီတွင် တရားရုံးချုပ် (နေပြည်တော်)တရားခွင် အမှတ် (၁)၌ ရုံးထိုင်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ (၇)အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု ခြောက်မှုကို ကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူ့ဆန္ဒ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်
★ အေးချမ်းမှုကို လိုလားသည်
★ ဆူပူအကြမ်းဖက်မှုကို မလိုလား

## ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ဒုတိယအကြိမ်မြောက် ပန်းပွဲတော်၌ အပန်းဖြေသူများဖြင့် စည်ကားများပြား

နေပြည်တော် ဒီဇင်ဘာ ၁၇

**သစ်တောရေးရာဝန်ကြီးဌာနက စီစဉ်ကျင်းပလျက်ရှိသည့် မန္တလေးတိုင်းပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ် ဥယျာဉ် တစ်နှစ်မြောက်နှစ်ပတ်လည်အခမ်းအနား၊ အမျိုးသားကန်တော်ကြီးဥယျာဉ် (၇၆)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားနှင့် ဒုတိယအကြိမ်မြောက်ပန်းပွဲတော်နှင့်အဆင့်မြင့်သစ်ခွဥယျာဉ်တို့ကို ယနေ့တွင် အပန်းဖြေလာရောက်ကြည့်ရှုသူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။**

အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း အပန်းဖြေသူများ၊ အလှအပဓာတ်ပုံရိုက်ကြသူများဖြင့် စည်ကားလျက်ရှိရာ အထူးသဖြင့် ကမ္ဘာ့အသက်ရှည်ဆုံး ရှားပါးသစ်ပင်စာရင်းဝင် ဂင်ဂို (ခေါ်) ကမ္ဘာဦးပင်ကြီးသည်လည်းကောင်း၊ သစ်ပင်မှ ကျောက်ဖြစ်ရပ်ကြွင်းများဖြင့် ခြယ်သထားသော Rock Garden(ကျောက်ဆောင်ဥယျာဉ်)နေရာသည်လည်းကောင်း စိတ်ဝင်စားစရာ လေ့လာဖွယ်နေရာများ ဖြစ်ကြသည်။

ဒုတိယအကြိမ်မြောက် ပန်းပွဲတော်တွင်လည်း ပြည်တွင်းပန်းမျိုးစုံ၊ နိုင်ငံခြားပန်းမျိုးစုံတို့ဖြင့် ခြယ်သထားသော ပန်းမုခ်ဦးများ၊ ဒေသထွက်သီးနှံများဖြင့် ပုံဖော်ထားသော မြန်မာပြည်မြေပုံ၊ ပန်းများဖြင့် ခြယ်သထားသော မြန်မာပြည်မြေပုံနှင့် နန်းမြို့ရိုးတို့ကို ပုံဖော်ခင်းကျင်းပြသထားရာ ပန်းရနံ့တို့ဖြင့် မွှေးကြိုင်ထုံသင်းလျက်ရှိပြီး ပန်းမြတ်နိုးသူ ပြည်တွင်းပြည်ပမှ အပန်းဖြေလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

နိုင်ငံတကာအဆင့်မီ သစ်ခွဥယျာဉ်တွင်လည်း ရှားပါးစာရင်းဝင် သစ်ခွမျိုးစုံအပြင် ပြည်ပစပ်မျိုးသစ်ခွများဖြစ်သော Cymbidium Cattleya, Phalaenopsis, Dendrobium, Vanda နှင့် Oncidium များကို အောင်မြင်စွာစိုက်ပျိုးပြသထားသည်။ ခေတ်မီသစ်ခွဥယျာဉ်ကြီး တည်ဆောက်ခြင်းဖြင့် ဥယျာဉ်သို့ လာရောက်အပန်းဖြေကြသည့် ပြည်သူများအတွက် စိတ်ကြည်နူးချမ်းမြေ့ကြမည်ဖြစ်သကဲ့သို့ ဗဟုသုတလည်း ရရှိကြမည်ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ➡**

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကာတာနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ကာတာနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာမတ်ဘင်ယာဆင်ဘင်ဂျာဘီအယ်(လ်)သာနီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

## ကြည့်ရှုလေ့လာ

**ဒီဇင်ဘာ၁၄ရက်က ဖွင့်လှစ်သော ပြင်ဦးလွင်မြို့ပန်းပွဲတော်တွင် ပြည်တွင်း၊ ပြည်ပ ပန်းဝါသနာရှင်များ ကြည့်ရှုလေ့လာနေကြစဉ်။**

ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)

## ထူးခြားသည့် ညအပူချိန်များ (၁၇-၁၂-၂၀၀၇)

| | | |
|---|---|---|
| ဟားခါး | - | ၄ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | - | ၆ ဒီဂရီစင်တီဂရိတ် |

## ယနေ့သတင်းအညွှန်း


မိုးရိပ်သံပေါင်တံတား အကြီးစားပြင်ဆင်မှုပြီးစီး ⇨ စာမျက်နှာ -၃

ကျိုင်းတုံတွင်ဖြစ်ပွားသည့် လူသို့ကူးစက်သော ကြက်၊ ငှက်တုပ်ကွေးရောဂါကို ထိန်းချုပ်နိုင်ခဲ့ ⇨ စာမျက်နှာ -၃

ခေတ်မီနိုင်ငံတော်သစ်ဆီ ဦးတည်သည့် သတင်းဆက်သွယ်ရေး နည်းပညာခြေလှမ်းများ ⇨ စာမျက်နှာ -၅

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား